# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ အင်္ဂါနေ့။ Tuesday, 11 February 2025 ၁၁၇၃၀


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် ဖွင့်လှစ်

## ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

## ယနေ့ ဖတ်စရာ


(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ
စာမျက်နှာ » ၆

ကြီးပွားရာကြီးပွားကြောင်း အခွင့်အလမ်းကောင်းတွေပါဗျို့
ဆောင်းပါး
စာမျက်နှာ » ၁၀

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား
စာမျက်နှာ » ၁၁

ကြေးမုံ

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးကို လက်တွဲတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှေးနှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့သည် အတူတကွလက်တွဲပြီး ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြသည်။ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့၏ ဘာသာစကားအမွေအနှစ်၊ ယဉ်ကျေးမှုထုံးတမ်းအမွေအနှစ်နှင့် သုခုမအနုပညာအမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာအမွေအနှစ်ကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပေါင်းစပ်လျက်ရှိသည်။ အသွေးအရောင်ကွဲသော်လည်း တစ်သားတည်းရှိသည်။

ပြည်ထောင်စုတစ်ဝန်းလုံး ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ စုပေါင်းနေထိုင်ခဲ့ကြသည့် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ယဉ်ကျေးမှုပြယုဂ်များစွာရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံကို နယ်ချဲ့ဖြိုတိသျှတို့က သုံးကြိမ်တိုင်တိုင် အဓမ္မကျူးကျော်သည့်အခါတွင်လည်း လူမျိုးစုခေါင်းဆောင်များနှင့် တိုင်းရင်းသားလူမျိုးအားလုံး အတူပူးပေါင်းလက်တွဲ၍ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်တွန်းလှန်ခဲ့ကြသည်။ နှစ်ပေါင်းရှည်ကြာ တည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် လက်တွဲဆောင်ရွက်ခဲ့ကြသည့်အစဉ်အလာသည် မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

မြန်မာနိုင်ငံကို နယ်ချဲ့ဖြိုတိသျှတို့ သိမ်းပိုက်ပြီးသည့်အချိန်မှစ၍ နှစ်ပေါင်းတစ်ရာကျော်တိုင်အောင် ယခင်က မခွဲမခြား၊ မကွဲမပြား စုပေါင်းနေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့်ဒေသတို့ကို နယ်ချဲ့အစိုးရက နည်းပရိယာယ်အမျိုးမျိုးဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။ နယ်ချဲ့ဖြိုတိသျှတို့က မြန်မာနိုင်ငံကို မတတ်သာသည့်အဆုံး လွတ်လပ်ရေးပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန် ကြံစည်ကြိုးပမ်းခဲ့ကြသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန်အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်တို့မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ် ပင်လုံမြို့၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ပင်လုံညီလာခံအစည်းအဝေးကို သဘောတူသတ်မှတ်ခဲ့ကြပြီး ညီညွတ်မှုကိုအရင်းခံသည့် သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယခုအခါ သမိုင်းဝင်ပင်လုံစာချုပ်ကြီး အခိုင်အမာစိုက်ထူနိုင်ခဲ့သည်မှာ (၇၈)နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး လွတ်လပ်သောနိုင်ငံအဖြစ် ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားလူမျိုးအားလုံးအတွက် ထူးခြားလေးနက်သော သမိုင်းဝင်နေ့ထူးကြီးဖြစ်သည်။

ပြည်ထောင်စုနေ့သည် နယ်ချဲ့ဖြိုတိသျှတို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့သည့် သမိုင်းဖြစ်စဉ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်ချက်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာဖော်ပြနိုင်ခဲ့သည့် ပြည်ထောင်စုနေ့သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသော ပန္နက်တိုင်ကြီးလည်းဖြစ်သည်။ ဤသို့ တိုင်းရင်းသားလူမျိုးအားလုံး၏ ခိုင်မြဲသောစည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်မှုအား မေ့ပျောက်မျက်ကွယ်ပြုခြင်းကို မည်သို့မျှကြံစည်အားထုတ်ရန်မသင့်ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် မိမိတို့ဘိုးဘွားဘီဘင်များ၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကို မျက်ကွယ်မပြုဘဲ အသိအမှတ်ပြု ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သည်။

မိမိတို့သည် ဘိုးဘွားဘီဘင်များ၏ သားစဉ်မြေးဆက်များဖြစ်၍ မိမိတို့ဘိုးဘွားဘီဘင်များ၏ကျေးဇူးကို မမေ့မလျော့ဘဲ ပြည်ထောင်စုကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန်လိုအပ်သည်။ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများသည် လူမျိုးစွဲ၊ ဒေသစွဲများကို အခြေခံ၍ သွေးခွဲသပ်လျှိုပေးမှုများကြောင့်လည်းကောင်း၊ ကိုယ်ကျိုးအတ္တ၊ မာန်မာနများဖြင့်လည်းကောင်း၊ မိမိဒေသများကိုသာမက ပြည်ထောင်စုကြီး၏ အခြားဒေသများကိုပါ ဖျက်ဆီးသည့် လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်များဖြစ်နေရာ မိမိတို့ဘိုးဘွားဘီဘင်များ သွေးနှင့်ရေးထိုးခဲ့သည့် စည်းလုံးညီညွတ်မှုသမိုင်းမှတ်တိုင်ကို ပြိုလဲအောင် နင်းခြေဖျက်ဆီးနေသည်နှင့်တူနေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားဖြစ်သည့်အတွက် မိမိတို့ဘိုးဘွားဘီဘင်များ၏ ဂုဏ်ကျေးဇူးများကို ရိုသေလေးစား ထောက်ထားသောအားဖြင့် မိမိတို့အချင်းချင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြစ်သည်ကို ငဲ့ညှာသောအားဖြင့် ညီအစ်ကိုမောင်နှမများအကြား သံသယများဖယ်ရှား၍ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁,၁၈၁ | ၈,၉၇၅,၆၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၆,၄၇၈ | ၁၉,၀၈၀,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၂၃ | ၉၈၄,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၅၂ | ၂၇၃,၆၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၁၀ | ၃၀,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၉၀၆ | ၁,၄၅၉,၃၅၀ |
| AMATA | ၃,၉၀၀ | ၄,၀၀၀ | ၁,၀၁၁ | ၃,၉၆၉,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၂၂ | ၇၀,၈၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၅၀ | ၁,၀၀၇ | ၃,၀၂၁,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**✪ ရွှေဖုံးမှ**

ပြည်နယ်များမှ MSME အေဂျင်စီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသား ယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကား သိုက်မြိုက်စွာ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်တို့နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေး သီချင်းဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက ကပြ ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေး နှုတ်ဆက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေး ဝန်ကြီးဌာနပြခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် MSME ထုတ်ကုန်ပြခန်း၊ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊

**စာမျက်နှာ ၄ သို့ »»**



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်း လိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ကြည့်ရှုမှုများကို ခေတ္တရပ်နားသည်။

## ကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ထုတ်ကုန်ပြခန်း၊ လုပ်ငန်း/ စီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall)၊ မြန်မာနိုင်ငံဘဏ်များ အသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ မြန်မာစီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များပြခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များပြခန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ပြခန်း၊

စာမျက်နှာ ၅ သို့ »»»





## ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ချင်းတိုင်းရင်းသားရိုးရာ ချည်ထည်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ပြခန်းတွင် ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါး ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များ အသင်းထုတ်ကုန်ပြပွဲနှင့် အရောင်းပြခန်းတို့အား ပြခန်းတစ်ခုချင်းစီ အလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှု အားပေးပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း ပြည်ပ ဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်း လိုအပ်ချက်များနှင့် ပြည်တွင်း ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ ပြခန်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းပြခန်းများ ခင်းကျင်းပြသထားမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းခြင်းတူပါက အရည်အသွေး ပိုကောင်းရန်" ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသား ရိုးရာအစားအစာ ရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွား ချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါငွေသားဆုအားချီးမြှင့်ခံရသူက Digital Payment System အသုံးပြု၍ လက်ငင်း E-Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

## ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းအသီးသီး၌လည်း ဒေသအလိုက် ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိစေနိုင်ရေးအတွက် အသေးစိတ် ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။



တနင်္သာရီတိုင်းဒေသကြီးပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို တွေ့ရစဉ်။

အဆိုပါ ပြခန်းများ၌လည်း မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် တေးသီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့် သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲသို့ လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိကာ နည်းပညာပြခန်းများ၊ စက်ပစ္စည်းများနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမ ပြခန်းများ၌လည်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့အတူ ပြပွဲသို့ လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးကြရာ မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုနည်းပညာ ကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြပွဲကြီးသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့ လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

စာမျက်နှာ ၇ သို့ ✪



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲသို့ လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ


ဦးကျော်စွာဦး


ကိုစိုးဝင်းဇော်


ဦးထွန်းထွန်းနိုင်


ဒေါ်ဝေဝေသွယ်


မသွယ်သွယ်လှိုင်


မောင်နိုင်ဝင်းထွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကိုအခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြသည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ခင်းကျင်းပြသရောင်းချနေကြသည့် တိုင်းရင်းသားများနှင့် လာရောက်လေ့လာကြသည့် ပြည်သူများ၏ ပွဲတော်အတွင်း ပါဝင်ဆင်နွှဲရသည့် ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်-

**ဦးကျော်စွာဦး(ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)**

အရင်က စက်မှုဝန်ကြီးဌာနအောက်မှာ သင်တန်းကျောင်း ရှစ်ကျောင်းရှိပါတယ်။ တစ်နှစ်၊ ရှစ်လ၊ သုံးလသင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။ အခုရွှေ့လျားသင်တန်းက နှစ်ရှည်၊ လရှည် သင်တန်းတက်ရောက်သင်ကြားနိုင်ဖို့ အခွင့်အရေးနည်းပါးတဲ့ ကျေးလက် ဒေသက လူငယ်၊ လူရွယ်တွေအတွက်ရည်ရွယ်ပြီး ဒေသအရောက် ဖွင့်လှစ်ပေးတဲ့ သင်တန်းမျိုးဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျေးလက်နေလူငယ်၊ လူရွယ်တွေ စက်မှုနဲ့သက်မွေးပညာတွေကို အခြေခံသင်ကြား တတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှာဖွေတဲ့အခါမှာ အထောက်အကူဖြစ်ဖို့ရယ်၊ အခြေခံသက်မွေးပညာတွေကို သိရှိနိုင်ဖို့၊ ဒီသင်တန်းကျောင်းတွေကနေတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေပိုမိုရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ဖို့နဲ့၊ နိုင်ငံတော်က လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို တစ်ဖက်တစ်လမ်းကနေ ဖြည့်စွက်ပေးဖို့ဆိုပြီး ရည်ရွယ်ချက်တွေနဲ့ ဒေသအရောက် စက်မှုနဲ့သက်မွေး ရွှေ့လျားသင်ကြားပေးခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ဒေသထွက်ကုန်ပြပွဲနဲ့ ပြိုင်ပွဲက ပြည်ထောင်စုအဆင့်ဖြစ်တဲ့အတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးက လုပ်ငန်းရှင်တွေရော၊ ပြည်သူ ပြည်သားတွေရော လာရောက်လေ့လာကြမှာဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနကဆောင်ရွက်နေတဲ့ စက်မှုနဲ့သက်မွေးရွှေ့လျားသင်တန်းတွေကို သိရှိသွားမှာဖြစ်ပါတယ်။ လေ့လာရင်းနဲ့ သင်ကြားတတ်မြောက်ချင်တယ်ဆိုရင် ကျွမ်းကျင်မှုအခြေပြု သုံးလသင်တန်း၊ တစ်နှစ်သင်တန်းတွေအထိ တက်ရောက်သင်ကြားခြင်းဖြင့် နိုင်ငံတော်မှာလိုအပ်နေတဲ့ MSME ကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်တွေအတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ရွှေ့လျားသင်တန်းမှာ အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနဲ့ အခြေခံ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆိုပြီး သင်တန်းလေးမျိုး သင်ကြားပေးလျက်ရှိပါတယ်။ ဒီသင်တန်းက နှစ်ပတ်သင်တန်းဖြစ်တဲ့အတွက် သက်ဆိုင်ရာဘာသာရပ်တွေအလိုက် အခြေခံတွေကို သင်ကြားပေးခြင်းဖြစ်ပါတယ်။ ဒီထက်ပိုမို သင်ကြားတတ်မြောက်လိုတယ်ဆိုရင် သုံးလ၊ တစ်နှစ်သင်တန်းတွေကို ဆက်လက်တက်ရောက်သင်ကြားနိုင်ပါကြောင်း အသိပေးလိုပါတယ်။

**ကိုစိုးဝင်းဇော်(ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်း)**

ကျွန်တော်က Bamboo design and Construction ရဲ့ Operations Director ဖြစ်ပါတယ်။ ဝါးနဲ့ပတ်သက်ပြီး အဆောက်အအုံဒီဇိုင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ပါတယ်။ ဝါးနဲ့ပတ်သက်ပြီး လှပသေသပ်အဆင့်မီတဲ့ပရိဘောဂတွေ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ လာရောက်ပြသခွင့်ရတဲ့ အကျိုးရလဒ်က အတော်ကိုကောင်းမွန်ပါတယ်။ အခုဆိုရင် ကျွန်တော့်ကို လာရောက်ချိတ်ဆက်တဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ အကျိုးတူဆောင်ရွက်ချင်တဲ့ လုပ်ငန်းရှင်တွေရဲ့ ဆွေးနွေးမှုလည်းရှိပါတယ်။ အခုလို ဝန်ကြီးဌာနတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ လုပ်ငန်းတွေအကုန် စုစည်းလိုက်တဲ့အတွက် လုပ်ငန်းတွေဖလှယ်ခွင့်ရသွားပါတယ်။ ကိုယ့်အရည်အသွေးကို ပြသခွင့်ရတဲ့အပြင် တခြားသူရဲ့ အရည်အသွေးကိုလည်း လေ့လာခွင့်ရတဲ့အတွက် ဒီပြပွဲကြီးက ကောင်းမွန်တဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်ယူလာတဲ့ ပရိဘောဂတွေရဲ့ တစ်ဝက်က ရောင်းကုန်သွားပြီဖြစ်တဲ့အတွက် MSME ထုတ်ကုန်ပြပွဲကြီးက ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက် အခွင့်အရေးကောင်းတစ်ခုလို့ မြင်မိပါတယ်။

**ဦးထွန်းထွန်းနိုင်(ကချင်ပြည်နယ်ကိုယ်စားပြုပြခန်း)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးမှာ ကချင်ပြည်နယ်ကိုယ်စားပြုပြခန်းမှာ ရောင်းချခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ ဂျိန်းဖော့သူ ကချင်ရိုးရာအထည် ပုဆိုး၊ မိန်းမဝတ်ဝမ်းဆက်၊ လုံချည်စက်ရက်ထည်၊ လက်ရက်ထည်တွေကို ရောင်းချပါတယ်။ ဒီပြပွဲကြီးမှာ ကိုယ့်ပြည်နယ်ရဲ့ ရိုးရာအဝတ်အထည်တွေကို ရောင်းချခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တစ်နေရာတည်းမှာ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာအဝတ်အထည်၊ ရိုးရာအစားအစာတွေအပြင် လုပ်ငန်းရှင်တွေနဲ့လည်း ဆွေးနွေးဖလှယ်ခွင့်ရတဲ့အတွက် အခွင့်ထူးတစ်ရပ်လို့ မြင်မိပါတယ်။ ကျွန်တော်တို့လိုလုပ်ငန်းရှင်တွေအတွက် ဈေးကွက်ချဲ့ထွင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်ဝေဝေသွယ်( ဆရာမ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း)**

ကျွန်မက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ စိုက်ပျိုးရေးသိပ္ပံ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ဖို့အတွက် ရောက်ရှိနေတာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့် ပြိုင်ပွဲကို လေ့လာရေးလာရောက်ဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ပြခန်းတွေကို အရင်ဆုံး လေ့လာဖြစ်ပါတယ်။ ကျွန်မက ကယားတိုင်းရင်းသူဖြစ်တဲ့အတွက် ကယားပြခန်းကို ပိုပြီး စိတ်ဝင်တစားလေ့လာဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ကို သတိရနေတဲ့အချိန် အခုလို လေ့လာခွင့်ရတဲ့အတွက် အပျော်ရွှင်ဆုံးဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ကို ရောက်သွားသလို ခံစားရပါတယ်။ ဒီလိုတစ်နေရာတည်းမှာ တိုင်းရင်းသားပေါင်းစုံကို တစ်ပြိုင်တည်း လေ့လာနိုင်ဖို့ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မသွယ်သွယ်လှိုင်(ကျောင်းသူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း)**

ဒီ MSME ထုတ်ကုန်ပြပွဲက ပြခန်းတွေကို လေ့လာကြည့်ရှုခဲ့ပါတယ်။ စိုက်ပျိုးရေးကျောင်းက ကျောင်းသူဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းကို အရင်ဆုံးလေ့လာဖြစ်ခဲ့ပါတယ်။ ကျောင်းသင်ခန်းစာတွေအတွက်လည်း အထောက်အကူဖြစ်စေပါတယ်။ စိတ်ဝင်စားဖွယ်ရာ ပြခန်းတွေလည်း အများရှိပါတယ်။ တိုင်းရင်းဆေးပြခန်းမှာတော့ မိဘတွေအတွက် လိမ်းဆေး၊ ရှူဆေးတွေ ဝယ်ခဲ့ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ပြခန်းတွေကိုလည်း မြင်တွေ့ရတော့ မြန်မာနိုင်ငံအနှံ့အပြားကို ခရီးထွက်ရသလို ခံစားရပါတယ်။ စိတ်ဝင်စားစရာတွေ၊ ဗဟုသုတတွေ အများကြီးတိုးစေတဲ့အတွက် သူငယ်ချင်းတွေနဲ့ နောက်တစ်ခေါက်လာရောက်ကြည့်ရှုဦးမယ်လို့ စိတ်ကူးထားပါတယ်။

**မောင်နိုင်ဝင်းထွေး(လေ့လာသူ၊ ရမည်းသင်းမြို့)**

ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ထုတ်ကုန်ပြပွဲကို သူငယ်ချင်းတွေနဲ့အတူ လာရောက်လေ့လာတာဖြစ်ပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ဒေသအလိုက်ထွက်ရှိတဲ့ ထုတ်ကုန်တွေ၊ ရိုးရာအစားအစာတွေ၊ ရိုးရာအဝတ်အထည်တွေကို လေ့လာခွင့်ရတဲ့အတွက် စီစဉ်ပေးတဲ့သူတွေကို ကျေးဇူးတင်မိပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ပြသထားတာလည်းတွေ့ရပါတယ်။ တချို့အရာတွေကို အခုလို အပြင်မှာပါမြင်တွေ့ခွင့်ရတဲ့အတွက် ဗဟုသုတတိုးစေပါတယ်။ ဒီ MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကြီးမှာ ဗဟုသုတတွေ၊ စိတ်ဝင်စားစရာတွေ များစွာပြသထားလို့ သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း - အေးအေးသန့်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ဂျိုင်းလော**

❂ စာမျက်နှာ ၆ မှ

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ထုတ်ကုန်ပစ္စည်းများသည် ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေး ပိုကောင်းရန်၊ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောင်ရွက်နေသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး မိဘပြည်သူများ (အခမဲ့) လာရောက်အားပေး လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊**
**အေးအေးသန့်၊ ဂျိုင်းလော**
**ဓာတ်ပုံ - ကိုကြီးထိန်၊ ဂျိုင်းလော**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြခန်းများ ဓာတ်ပုံမြင်ကွင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကိုတွေ့ရစဉ်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကိုတွေ့ရစဉ်။








ပြည်ထောင်စုနယ်မြေ နေပြည်တော် MSME ထုတ်ကုန် ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဝါးပိုးမှျစ်ချဉ်နှင့် ဖျော်ရည်ပစ္စည်းများကိုတွေ့ရစဉ်။



ကျန်းမာရေးဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် အရောင်းတိုင်းရင်းဆေးဝါးများ၊ ဌာနသုံးတိုင်းရင်းဆေးဝါးများနှင့် အလှကုန်များတွင် စစ်ဆေးနိုင်သော Bacteria ပိုးမွှား ထုတ်ကုန်များကိုတွေ့ရစဉ်။



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် ပဲအမျိုးမျိုးကိုတွေ့ရစဉ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။



စက်မှုဝန်ကြီးဌာန ပြခန်းတွင် ခင်းကျင်းပြသထားသည့် အဝတ်အထည်များကိုတွေ့ရစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ ပြခန်းများ ဓာတ်ပုံမြင်ကွင်း





ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် လက်ဝတ်ရတနာများနှင့် အဝတ်အထည်များကိုတွေ့ရစဉ်။



ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အဝတ်အထည်များနှင့် အလှကုန်ပစ္စည်းများကိုတွေ့ရစဉ်။



ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် သစ်သားအချောထည်ထုတ်ကုန်များကို တွေ့ရစဉ်။






စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသော ပြိုင်ပွဲဝင် ထုတ်ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ မြန်မာ့ဆိုင်းဝိုင်း(ငွေ)၊ နွားလှည်းယာဉ်(ငွေ)၊ ကော်ဖီဆက်(ငွေ)များကို တွေ့ရစဉ်။



ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ဝဥနှင့် ဝဥထုတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီးMSME ထုတ်ကုန်ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြိုင်ပွဲဝင်ထုတ်ကုန်ပစ္စည်းများဖြစ်သော ယွန်းလက်မှုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို တွေ့ရစဉ်။

# ကြီးပွားရာကြီးပွားကြောင်း အခွင့်အလမ်းကောင်းတွေပါဗျို့

သာထူး

တိုင်းရင်းသားလူငယ်လေးတစ်ယောက် သူ့ပစ္စည်းတွေကို ကြော်ငြာပြီး ဈေးရောင်းနေတာလေးကိုတွေ့တော့သဘောကျမိပါသဗျ။ သူရောင်းနေတဲ့ပစ္စည်းတွေက တွေ့မိသလောက်တော့ မွေ့ရာတွေနဲ့ ရုံးသုံးကုလားထိုင်တွေပါ။ မွေ့ရာတွေဆိုတာကလည်း ဟို… နာမည်ကြီး ဒန်းလေ့လို မွေ့ရာမျိုးတွေ၊ ရုံးသုံးကုလားထိုင်တွေဆိုတာကလည်း ကုမ္ပဏီရုံးခန်းတွေမှာ တွေ့ရတတ်တဲ့ ခေတ်မီပုံစံမျိုးတွေ။ ဒါပေမဲ့ နိုင်ငံခြားက သွင်းပြီးရောင်းတာမဟုတ်ဘူး။ “မြန်မာပြည်တွင်လုပ်သည်” “Made in Myanmar” ပစ္စည်းတွေပါလို့ သူက ကြော်ငြာပြီး ရောင်းနေတာပါ။ ပြည်တွင်းမှာထုတ်လုပ်တဲ့ပစ္စည်းတွေဖြစ်တဲ့အတွက် ပျက်ရင်လည်း ပြန်ပြင်လို့ရတယ်။ ရောင်းပြီး ပြီးရောမဟုတ်ဘဲ နောက်ဆက်တွဲဝန်ဆောင်မှုတွေလည်း ပေးနိုင်တယ်လို့ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ကြော်ငြာပြီးရောင်းနေတာပါ။

ဒါနဲ့ တစ်ဆက်တည်းမှာပဲ အင်တာဗျူးတစ်ခုမှာ လုပ်ငန်းရှင်တစ်ယောက်ပြောတာကို သွားသတိရမိတယ်။ သူပြောတာကတော့ သူ့စက်ရုံကထုတ်တဲ့ ပစ္စည်းတွေကို Made in Myanmar လို့ ပြောရောင်းလို့မရဘူး။ ပစ္စည်းချင်းအတူတူ၊ အရည်အသွေးချင်း အတူတူဆိုရင်တောင် ဈေးကွက်က ပြည်တွင်းလုပ်ပစ္စည်းကို ဈေးမပေးချင်ဘူးဆိုတာမျိုး သူက ပြောခဲ့တာပါ။ မှောင်ခိုလုပ်ငန်းတွေခေတ်ထတဲ့ ကာလတုန်းကဆိုရင် ပြည်တွင်းမှာချုပ်တဲ့ ချုပ်ထည်တွေကို နယ်စပ်ကို အသာသယ်သွားပြီး နိုင်ငံခြားချုပ်ထည်တွေအဖြစ်နဲ့ ပြည်တွင်းကို ပုံမှားရိုက်ပြန်သွင်းခဲ့ကြတယ်လို့လည်း ကြားဖူးပါတယ်။ ဒီသဘောကတော့ ကျွန်တော်တို့ စားသုံးသူတွေဟာ နိုင်ငံခြားဖြစ်ကိုသာ ကောင်းတယ်ထင်ပြီး ပြည်တွင်းဖြစ်ကို ကောင်းတယ်လို့မထင်ဘူး။ ကောင်းတယ်လို့ထင်တာတွေကို ဈေးကြီးပေးဝယ်သုံးပြီး မကောင်းဘူးလို့ထင်တဲ့ ပြည်တွင်းဖြစ်ကိုတော့ တန်ရာတန်ကြေးပေးပြီး ဝယ်မသုံးလိုဘူးဆိုတဲ့ သဘောတွေပါပဲ။ ဒီလိုနဲ့ ဆပ်ပြာခွက်နဲ့ တံမြက်စည်းလို ပစ္စည်းမျိုးတွေကအစ “Made in ........ အခြားနိုင်ငံ” တွေကိုပါ ဈေးကွက်ထဲမှာ တွေ့နေကြရတာဟာ ပြည်တွင်းဖြစ်ကိုပဲ ပုံမှားရိုက်ရောင်းတာလား၊ ဘာလားတော့ မသိရဘူးပေါ့။

လုပ်ငန်းရှင်တချို့ကတော့ ပြည်တွင်းဈေးကွက်က အရည်အသွေးကိုမကြည့်ဘဲ ဈေးနှုန်းကိုပဲ ကြည့်တယ်။ ဈေးပေါတာကိုသာ ရွေးချယ်ကြတဲ့အတွက် အရည်အသွေးကို လျှော့ပြီးထုတ်ရတယ်လို့ပြောတဲ့ လုပ်ငန်းရှင်တွေလည်း ရှိနေတယ်။ ဥပမာ ဆီ ဆိုပါတော့၊ မြေပဲသန့်သန့်၊ နှမ်းသန့်သန့်ကို စပယ်ရှယ်ကြိတ်ရောင်းတဲ့ဆီက မရောင်းရဘူး။ စားအုန်းဆီ ခပ်ညံ့ညံ့ကို အရောင်ချွတ်၊ ဆေးဆိုး၊ အနံ့ထည့်ရောင်းတဲ့ မြေပဲဆီအတုက ပိုရောင်းရတယ်။ မျက်မြင်အားဖြင့်လှပြီး ဈေးသက်သာနေတဲ့ဆီတွေက အန္တရာယ်ဖြစ်နိုင်လား၊ မဖြစ်နိုင်ဘူးလားဆိုတာကို မစဉ်းစားတော့ဘဲ ဝယ်စားလိုက်ကြတယ်။ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာကလည်း ခုချက်ချင်းထဖြစ်မှာ မဟုတ်တော့ နောင်ခါလာ နောင်ခါဈေး သဘောထားလိုက်ကြတယ်ထင်ပါ့။ ဒီလိုနဲ့ အရည်အသွေးညံ့တဲ့ပစ္စည်းတွေကို ဈေးပေါပေါနဲ့ ရောင်းနိုင်ဖို့ ပြည်တွင်းမှာ ထုတ်ကြရတယ်။ ကြာတော့ ပြည်တွင်းမှာထုတ်တဲ့ ပစ္စည်းအတော်များများ ထုပ်ပိုးပုံညံ့၊ အရည်အသွေးနိမ့်၊ ဆွဲဆောင်မှုမရှိ ဆိုတာမျိုးဖြစ်လာရတယ်။



မြန်မာနိုင်ငံဘဏ်များအသင်းပြခန်းအတွင်း လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

### စားသောက်ကုန်ထုတ်တဲ့လုပ်ငန်းတွေများပြား

ကျွန်တော်တို့ နိုင်ငံမှာ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်ကျော်က လုပ်ငန်းငယ်တွေပါ။ အဲဒီထဲမှာ အများစုက စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေလို့လည်း ဆိုပါတယ်။ နိုင်ငံက စိုက်ပျိုးရေးနိုင်ငံဖြစ်တော့လည်း စားသောက်ကုန်ထုတ်တဲ့ လုပ်ငန်းတွေများတာ သဘာဝကျပါတယ်။ စပါးတစ်မည်တည်းက ထုတ်မယ်ဆိုရင်တောင် ဆန်သာမက အခြားစားစရာ၊ သောက်စရာတွေ အများကြီးထုတ်လို့ရပါတယ်။ ပဲ၊ ပြောင်း၊ နှမ်း၊ ကြံနဲ့ အခြားစိုက်သမျှပျိုးသမျှသီးနှံတွေ၊ သစ်သီးဝလံတွေ၊ ဟင်းသီးဟင်းရွက်တွေရောပါဆိုရင် စဉ်းစားသာကြည့်ပါတော့။ ထုတ်လုပ်နိုင်တာတွေ အများကြီးပါ။

ဒီကနေ့ မြန်မာလူမျိုးတွေရဲ့ စားသောက်ပုံက ကျွန်တော်တို့ ငယ်ငယ်က စားခဲ့၊ သောက်ခဲ့ကြတာနဲ့ဆိုရင် အပုံကြီး ကွာခြားလာခဲ့ပါပြီ။ ဆယ်စုနှစ်တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲလာလိုက်တာ၊ ငယ်ငယ်တုန်းက မကြားခဲ့ဖူး၊ မစားခဲ့ဖူးတာတွေ၊ တရုတ်၊ အိန္ဒိယအစားအစာသာမက ထိုင်းစာ၊ ကိုရီးယားစာ၊ ဂျပန်စာ၊ အနောက်တိုင်းစာတွေကို မြန်မာတွေ စားတတ်နေကြပြီ။ ဒါတင်မက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင် အစားအသောက်တွေလည်း မြို့ပြဈေးကွက်ထဲ ရောက်နေပါပြီ။

ဒါပေမဲ့ ပြည်တွင်းက စားသောက်ကုန်လုပ်ငန်းတွေဟာ တီထွင်ကြံဆမှုနည်းပါးစွာနဲ့ ခေတ်နောက်ကျ ကျန်ခဲ့တယ်လို့ လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်လောက်တုန်းက လုပ်ခဲ့တဲ့စစ်တမ်းတစ်ခုက ဆိုပါတယ်။ ဒါ့အပြင် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍမှာ လက်ဖြစ်ကိရိယာတွေ၊ စက်ယန္တရားအဟောင်းတွေနဲ့ အများစုက လုပ်ကိုင်နေကြရတာဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒီကနေ့ ဈေးကွက်ထဲကို သွားကြည့်ရင် ပြည်တွင်းကထုတ်လုပ်တဲ့ အစားအသောက်မျိုးစုံကို တွေ့နိုင်သလို နိုင်ငံခြားကသွင်းတဲ့ အစားအသောက်မျိုးစုံကိုလည်း တွေ့ရမှာပါ။ တချို့ နိုင်ငံခြားတံဆိပ်ကပ်ထားတဲ့ ဆန်ကွတ်ကီးရဲ့အရသာဟာ ကောက်ညှင်းခွက်ကြော်နဲ့ အတူတူဖြစ်ပြီး လက်တစ်ဆုပ်စာလောက် စက္ကူအိတ်လေးတွေနဲ့ ထုပ်ပိုးထားတဲ့ ပဲလုံးကြော်ကလည်း ကျွန်တော်တို့ လက်ဖက်ထဲ ထည့်စားနေတဲ့ ပဲလုံးကြော်နဲ့ အတူတူပါပဲ။ မတူတာက သူတို့ပဲလုံးကြော်က ဆီတွေစိုရွှဲမနေတာပါ။ ပြီးတော့ ကိုရီးယားက ဂင်မ်ချီ၊ ဆိုဂျူးနဲ့ ကျွန်တော်တို့ဆီက ချဉ်ဖတ်၊ ဆန်အရက် ဘာကွာလို့လဲ။ ကွာတာက သူတို့ပစ္စည်းတွေ ကျွန်တော်တို့ ဈေးကွက်ထဲရောက်နေပြီး ကျွန်တော်တို့ စားတတ်နေတာပါ။ ဒါကြောင့် ခေတ်အခြေအနေကိုလိုက်ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်းတွေကလည်း တီထွင်ကြံဆ လုပ်ကိုင်ကြရမှာပါ။

### ကုန်ထုတ်လုပ်မှုတိုးတက်မှ နိုင်ငံ့စီးပွားရေးတိုးတက်

နိုင်ငံ့စီးပွားရေးကို အဓိကမောင်းနှင်တဲ့အားဟာ ထုတ်လုပ်မှုကဏ္ဍဖြစ်တယ်လို့ ဖတ်ရ၊ မှတ်ရဖူးပါတယ်။ ကုန်ထုတ်လုပ်မှုတိုးတက်မှ နိုင်ငံ့စီးပွားရေးတိုးတက်မှာဖြစ်လို့ အစိုးရအဆက်ဆက်က ပြည်တွင်း ကုန်ထုတ်လုပ်မှုတိုးတက်အောင် တိုက်တွန်းအားပေးမောင်းနှင်ခဲ့ကြတာကိုလည်း ကျွန်တော့်တစ်သက်မှာ တွေ့ခဲ့ရတယ်။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာတဲ့အချိန်မှာ SME ပဲခေါ်ခေါ်၊ MSME ပဲခေါ်ခေါ် စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်၊ ထွန်းကားအောင် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအထိ အစွမ်းကုန်အားထုတ်လုပ်ကိုင်နေကြတာကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အစွဲတွေထဲမှာ စက်ရုံထောင်ပြီး ကုန်ထုတ်လုပ်ငန်းလုပ်တာထက် ပို့ကုန်သွင်းကုန်လုပ်တာ၊ ကုန်ရောင်းကုန်ဝယ်လုပ်တာက အလုပ်ရှုပ်၊ ခေါင်းရှုပ်သက်သာပြီး အကျိုးအမြတ်ကိုလည်း မြန်မြန်ဆန်ဆန်၊ မြိုးမြိုးမြက်မြက်ရတယ်ဆိုတဲ့ အစွဲပါ။

နောက်ထပ်ပြောစရာရှိနေတာက တရားမဝင် ကုန်သွယ်မှုဖြစ်ပေါ်နေတာပါ။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်တဲ့ ခရီးစဉ်သတင်းတွေထဲက ဒေသအလိုက် လုပ်ငန်းရှင်တွေရဲ့ တင်ပြချက်တွေထဲမှာ အရင်းအနှီးငွေကြေး၊ လျှပ်စစ်ဓာတ်အား၊ မြေနေရာဆိုတဲ့ တောင်းဆိုမှုတွေအပြင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကိုပါ တင်ပြခဲ့ကြတာကို ဖတ်ခဲ့ရဖူးပါတယ်။ ကမ္ဘာ့စက်ရုံကြီးလို့ တင်စားရတဲ့ တိုင်းပြည်ကြီးအိမ်နီးချင်းမှာ ကပ်လျက်ရှိနေတဲ့အခြေအနေမှာ တရားမဝင်ကုန်သွယ်မှုကို နိုင်နင်းအောင်ကိုင်တွယ်နိုင်ပါမှ ပြည်တွင်းက လုပ်ငန်းတွေ နာလန်ထူမှာပါ။ တစ်ဖက်ကလည်း ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်လုပ်ငန်း ရှင်သန်ရပ်တည်နိုင်ဖို့၊ သူ့ပစ္စည်း ဈေးသက်သာသလို ကိုယ့်ပစ္စည်းဈေးသက်သာဖို့၊ သူ့ပစ္စည်းပိုကောင်းသလို ကိုယ့်ပစ္စည်းပိုကောင်းဖို့ ပြည်ပဈေးကွက်ကို မထိုးဖောက်နိုင်သေးရင်တောင် ကိုယ့်ပြည်တွင်းဈေးကွက်မှာ ခိုင်မာနေဖို့ ကြံဆအားထုတ်ကြရမှာလည်း ဖြစ်ပါတယ်။ လက်ရှိလုပ်နေတဲ့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပိုမိုထိရောက်အောင် ကိုင်တွယ်ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုတွေ စာမျက်နှာ ၁၁ သို့ ☆

❋ ပြည်တွင်းမှာချုပ်တဲ့ ချုပ်ထည်တွေကို နယ်စပ်ကို အသာသယ်သွားပြီး နိုင်ငံခြားချုပ်ထည်တွေအဖြစ်နဲ့ ပြည်တွင်းကို ပုံမှားရိုက်ပြန်သွင်းခဲ့ကြတယ်လို့လည်း ကြားဖူးပါတယ်။ ဒီသဘောကတော့ ကျွန်တော်တို့ စားသုံးသူတွေဟာ နိုင်ငံခြားဖြစ်ကိုသာ ကောင်းတယ်ထင်ပြီး ပြည်တွင်းဖြစ်ကို ကောင်းတယ်လို့မထင်ဘူး။ ကောင်းတယ်လို့ထင်တာတွေကို ဈေးကြီးပေးဝယ်သုံးပြီး မကောင်းဘူးလို့ထင်တဲ့ ပြည်တွင်းဖြစ်ကိုတော့ တန်ရာတန်ကြေးပေးပြီး ဝယ်မသုံးလိုဘူးဆိုတဲ့ သဘောတွေပါပဲ

❋ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်လုပ်ငန်း ရှင်သန်ရပ်တည်နိုင်ဖို့၊ သူ့ပစ္စည်းဈေးသက်သာသလို ကိုယ့်ပစ္စည်းဈေးသက်သာဖို့၊ သူ့ပစ္စည်းပိုကောင်းသလို ကိုယ့်ပစ္စည်းပိုကောင်းဖို့ ပြည်ပဈေးကွက်ကို မထိုးဖောက်နိုင်သေးရင်တောင် ကိုယ့်ပြည်တွင်းဈေးကွက်မှာ ခိုင်မာနေဖို့ ကြံဆအားထုတ်ကြရမှာလည်းဖြစ်

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား






**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသောကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များက လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

**ကျင်းပပြုလုပ်**

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့တွင် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ ပြောကြားကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေးကြသည်။ ယင်းနောက်တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❝ပြည်နယ်အသီးသီး၊ တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းတွေလာပြီး ပြကြပြိုင်ကြမှာမို့ ကြည့်ရှုလေ့လာကြသူတွေလည်း အတွေးသစ် အမြင်သစ်တွေ ပေါ်လာနိုင်ပါတယ်။ မတွေ့ဖူးသေးတာတွေကို တွေ့ရပြီး မသိသေးတဲ့ အချက်အလက်တွေကိုလည်း သိလာနိုင်ပါတယ်။ ပုံမှန်အားဖြင့် လုပ်ငန်းရှင်တွေ တစ်ရုံးဝင် တစ်ရုံးထွက်သွားကြရမယ့်ကိစ္စတွေ တစ်နေရာတည်း၊ တစ်ထိုင်တည်းနဲ့ ပြီးနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေသလို နိုင်ငံတစ်ဝန်းက လာကြတဲ့ လုပ်ငန်းရှင်တွေနဲ့လည်း မိတ်ဖွဲ့ရင်းနှီးခွင့်ရနိုင်ပြီး လုပ်ငန်းချင်းလည်း ချိတ်ဆက်နိုင်❞**




(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ အခမ်းအနားတွင် Success Pro Trading Co.,LTD.၏ Solar Solution Provider ပြခန်းကိုတွေ့ရစဉ်။

☆ စာမျက်နှာ ၁၀ မှ

ပိုမိုလွယ်ကူသထက် လွယ်ကူလာအောင် ဖန်တီးပေးမယ်၊ လုပ်ငန်းရှင်တွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးမယ်ဆိုရင် အဓိကလိုအပ်ချက်ကြီးတစ်ခုပဲ ကျန်တော့မှာဖြစ်ပါတယ်။ အဲဒါကတော့ လုပ်ငန်းရှင်တွေကိုယ်တိုင်ရဲ့ လုပ်လိုကိုင်လိုစိတ်ပါ။

နောက်ဆုံးနှိုးဆော်တိုက်တွန်းလိုတာကတော့ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ်နဲ့ နေပြည်တော်က ဥပ္ပါတသန္တိစေတီတော်ကြီးအနီး တပေါင်းကွင်းမှာကျင်းပတဲ့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို လုပ်ငန်းရှင်ကြီး၊ လုပ်ငန်းရှင်ငယ်တွေရော၊ အရင်းအနှီး လက်ထဲမှာရှိပြီး ဘာလုပ်ရမလဲ စဉ်းစားနေတဲ့ လုပ်ငန်းရှင်လောင်းလျာများပါ မရောက်ရောက်အောင်သွားပြီး စေ့စေ့ငုငု လေ့လာကြည့်ရှုကြဖို့ပါ။ ပြည်နယ်အသီးသီး၊ တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းတွေလာပြီး ပြကြပြိုင်ကြမှာမို့ ကြည့်ရှုလေ့လာကြသူတွေလည်း အတွေးသစ် အမြင်သစ်တွေ ပေါ်လာနိုင်ပါတယ်။ မတွေ့ဖူးသေးတာတွေကို တွေ့ရပြီး မသိသေးတဲ့ အချက်အလက်တွေကိုလည်း သိလာနိုင်ပါတယ်။ ပုံမှန်အားဖြင့် လုပ်ငန်းရှင်တွေ တစ်ရုံးဝင် တစ်ရုံးထွက်သွားကြရမယ့်ကိစ္စတွေ တစ်နေရာတည်း၊ တစ်ထိုင်တည်းနဲ့ ပြီးနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရှိနေသလို နိုင်ငံတစ်ဝန်းကလာကြတဲ့ လုပ်ငန်းရှင်တွေနဲ့လည်း မိတ်ဖွဲ့ရင်းနှီးခွင့်ရနိုင်ပြီး လုပ်ငန်းချင်းလည်း ချိတ်ဆက်နိုင်ပါတယ်။ နေပြည်တော် တပေါင်းကွင်းကစတဲ့ ပြည်ထောင်စုအဆင့် MSME ပြပွဲပြိုင်ပွဲဟာ နောင်တစ်ချိန်မှာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မြန်မာ့ MSME စင်တာကြီး ပေါ်ပေါက်လာပြီး နှစ်စဉ် ပြပွဲပြိုင်ပွဲတွေ ကျင်းပကြ၊ လုပ်ငန်းတူသူတွေပူးပေါင်းကြ၊ သမဝါယမအသင်းတွေ ဖွဲ့စည်းထူထောင်ကြ၊ စာချုပ်တွေချုပ်ဆိုကြနဲ့ စည်ကားလာမယ့် မြင်ကွင်းကို စိတ်ကူးနဲ့ မြင်ယောင်ကြည့်မိပါတယ်။

အောင်မြင်မှုပန်းတိုင်ကို သွားရတဲ့လမ်းမှာ စိန်ခေါ်မှုတွေကတော့ ရှိစမြဲပါပဲ။ ဒီကနေ့ လူတွေ ကောင်းကင်မှာ ပျံသန်းသွားလာနိုင်ကြတာ စိတ်ကူးကနေပဲ စခဲ့ကြတာပါ။ စိတ်ကူးရဲ့နောက်မှာတော့ အလုပ်လုပ်ကြရမှာပေ့ါ။ တွေ့ကြုံလာသမျှ အခက်အခဲတွေကိုလည်း ရင်ဆိုင်ဖြေရှင်းပြီး ရှေ့ဆက်ကြမှသာ ခရီးရောက်ကြမှာပေ့ါ။ ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နဲ့ ဉာဏ်ပညာ ကြီးကြီးမားမား၊ ထက်ထက်သန်သန်နဲ့ လုပ်ကြကိုင်ကြမယ်ဆိုရင် မဖြစ်နိုင်တာ မရှိဘူးလို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားထားခဲ့တာပဲ။ မဖြစ်နိုင်ပါဘူးဆိုတဲ့အတွေးနဲ့ ငေးငိုင်ဘေးထိုင်နေမယ့်အစား ဖြစ်ပေါ်လာနေတဲ့ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေကို အရအမိဆုပ်ကိုင်ပြီး လက်တွေ့ကျကျ လုပ်ကြကိုင်ကြရင်းနဲ့ သမ္မာအာဇီဝကျကျ တိုးတက်ကြီးပွားချမ်းသာနိုင်ကြဖို့ နှိုးဆော်တိုက်တွန်းလိုက်ရကြောင်းပါဗျား။ ။

❖

**တို့ပြည်ထောင်စုတိုင်းရင်းသားများညီညွတ်စွမ်းအား ပြည့်ခွန်အား**

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်–

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "Personal Stylist" | Hnaung | ဒေါ်ယုယုအေး<br>(မြရောပုံနှိပ်တိုက်)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ထက်ထက်ဝေ<br>၈/ပဖန(နိုင်) ၁၁၈၀၆၆<br>(Parallel Book House – ၀၃၁၂၃) | အမှတ်–(၂၆/၁)၊<br>(၈၁/ဘီ)၊ ၄၂x၄၃ ကြား၊<br>ချမ်းမြသာစည်မြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး။<br><br>မုန်တောကြီးရွာ၊<br>ပွင့်ဖြူမြို့နယ်၊<br>မင်းဘူးခရိုင်၊<br>မကွေးတိုင်းဒေသကြီး။ | –ညစ်ညမ်းစာများ ဖော်ပြခြင်း<br>–ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>–ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ခ) | "I Am Your Baby's Father" | Hnaung | ဒေါ်ယုယုအေး<br>(မြရောပုံနှိပ်တိုက်)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ထက်ထက်ဝေ<br>၈/ပဖန(နိုင်) ၁၁၈၀၆၆<br>(Parallel Book House – ၀၃၁၂၃) | အမှတ်–(၂၆/၁)၊<br>(၈၁/ဘီ)၊ ၄၂x၄၃ ကြား၊<br>ချမ်းမြသာစည်မြို့နယ်၊<br>မန္တလေးတိုင်းဒေသကြီး။<br><br>မုန်တောကြီးရွာ၊<br>ပွင့်ဖြူမြို့နယ်၊<br>မင်းဘူးခရိုင်၊<br>မကွေးတိုင်းဒေသကြီး။ | –ညစ်ညမ်းစာများ ဖော်ပြခြင်း<br>–ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>–ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ဂ) | "ညို" | hAnn 63 | ဒေါ်မျိုးပပလှိုင်<br>(Star Printing)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ရီရီဆန်း<br>၉/ပမန(နိုင်) ၁၃၇၃၉၂<br>(ပစ္စုပ္ပန်စာပေ–၀၃၁၀၃) | သဲကျွန်းကျေးရွာ၊<br>ဥတ္တရသီရိမြို့နယ်၊<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။<br><br>အမှတ်(၆၆)၊<br>သဲကျွန်းကျေးရွာ၊<br>ဥတ္တရသီရိမြို့နယ်၊<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ | –ညစ်ညမ်းစာများ ဖော်ပြခြင်း<br>–ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိခြင်း<br>–ထုတ်ဝေစာပေးပို့ ရန်ပျက်ကွက်ခြင်း |
| (ဃ) | AhMoon | " North Star" | ဒေါ်မျိုးပပလှိုင်<br>(Star Printing)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ရီရီဆန်း<br>၉/ပမန(နိုင်) ၁၃၇၃၉၂<br>(ပစ္စုပ္ပန်စာပေ–၀၃၁၀၃) | သဲကျွန်းကျေးရွာ၊<br>ဥတ္တရသီရိမြို့နယ်၊<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။<br><br>အမှတ်(၆၆)၊<br>သဲကျွန်းကျေးရွာ၊<br>ဥတ္တရသီရိမြို့နယ်၊<br>ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ | |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကိုပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အာဆီယံလုပ်ငန်းရှင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ASEAN-OSHNET ဆုနှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အာဆီယံ လုပ်ငန်းရှင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆုနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာကျော်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ASEAN–OSHNET ဆုရွေးချယ်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် "အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆု" ဗီဒီယိုမှတ်တမ်းကို ပြသပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက ASEAN–OSHNET ဆုများအတွက် သတ်မှတ်ထားသည့် စံနှုန်းများကို လည်းကောင်း၊ ASEAN–OSHNET Best Practices Award ရရှိသည့် Jotun Myanmar အိမ်သုတ်ဆေးစက်ရုံမှ ကိုယ်စားလှယ်က ဆုယှဉ်ပြိုင် လျှောက်ထားခဲ့မှု အတွေ့အကြုံများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားစွာ ဆောင်ရွက်ထားသော ကုန်ထုတ်သည့် စက်ရုံ၊ အလုပ်ရုံနှင့်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ အနေဖြင့် ASEAN–OSHNET Excellence ဆုကို လည်းကောင်း၊ အလုပ်သမားအင်အား ၅၀ မှ ၃၀၀ အထိရှိ အသေးစားနှင့် အလတ်စား စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ၊ လုပ်သားအင်အား ၃၀၀ မှ ၆၀၀ အထိရှိလုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ကိုင်သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ အနေဖြင့် ASEAN–OSHNET Best Practices ဆုကို လည်းကောင်း ဝင်ရောက် ယှဉ်ပြိုင်နိုင်ပြီး လျှောက်လွှာများကို မတ် ၃ ရက်တွင် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချမ်းအေးသာစံမြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့နယ်မြေပြင်လူဦးရေစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီသည် ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံအနောက်ရပ်ကွက်တွင် မြို့နယ်အတွင်းရှိ လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းဆောင်ရွက်သည်။

နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ မဟာအောင်မြေခရိုင် ခရိုင်ဦးစီးမှူး ဦးဇင်ထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ဦးစီးအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အကွက်တာဝန်ခံများသည် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်မှု ရှိ၊ မရှိစာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင်နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိနေထိုင်သူများ စာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်းမရှိသူများနှင့် အိမ်ထောင်စုစာရင်းမရှိသူများကို စိစစ်ကာ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ် တစ်ခုခုရရှိစေရေး မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဂါဇာဒေသမှ ပါလက်စတိုင်းများအား ရွှေ့ပြောင်းစေရေးညွှန်ကြားချက် ထုတ်ပြန်ရန် မည်သူတစ်ဦးတစ်ယောက်တွင်မျှ အခွင့်အာဏာမရှိကြောင်း တူကီယဲသမ္မတပြောကြား



**အန်ကာရာ ဖေဖော်ဝါရီ ၁၀**

ဂါဇာဒေသမှ ပါလက်စတိုင်းများအား ရွှေ့ပြောင်းစေရေး ညွှန်ကြားချက် ထုတ်ပြန်ရန် မည်သူတစ်ဦးတစ်ယောက်တွင်မျှ အခွင့်အာဏာမရှိကြောင်း တူကီယဲသမ္မတအာဒိုဂန်က ယမန်နေ့တွင်ပြောကြားခဲ့သည်။

ပါလက်စတိုင်းများ၏ မွေးရပ်မြေဖြစ်သည့် ဂါဇာဒေသ အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်ဒေသတို့မှ ပါလက်စတိုင်းများအား မောင်းထုတ်ရန် မည်သူတစ်ဦးတစ်ယောက်တွင်မျှ အခွင့်အာဏာမရှိကြောင်း အာရှနိုင်ငံများသို့ ခရီးစဉ်မထွက်ခွာမီ တူကီယဲနိုင်ငံ အတာတက်ခ်လေဆိပ်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အာဒိုဂန်က ပြောကြားခဲ့သည်။ အစ္စရေးအစိုးရသည် ပါလက်စတိုင်းများအား ဂါဇာဒေသမှ ရွှေ့ပြောင်းရေးအတွက် လူမဆန်သော အကြံအစည်များဆောင်ရွက်နေသည်ဟု ၎င်းက ပြောကြားသည်။

ဂါဇာဒေသအား အမေရိကန်က ထိန်းချုပ်ပြီး ပါလက်စတိုင်းများအား အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့စေကာ ဂါဇာဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်ဟု အမေရိကန်သမ္မတထရမ့်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ဝါရှင်တန်တွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံတွင် နယ်မြေအများအပြားရှိသည့်အတွက် ပါလက်စတိုင်းနိုင်ငံကို ဆော်ဒီအာရေဗျနိုင်ငံတွင် တည်ထောင်သင့်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုကပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅ ဘီလီယံအထိ ရှိလာ



**ဖနောင်ပင် ဖေဖော်ဝါရီ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၅ ဘီလီယံအထိ ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ၂၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ခဲ့သည်။

နိုင်ငံ၏ စုစုပေါင်းပို့ကုန်ပမာဏသည် ယခုနှစ် ဇန်နဝါရီလတွင် ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ၁၇ ရာခိုင်နှုန်းတိုးလာကာ စုစုပေါင်းသွင်းကုန်သည် ဒေါ်လာ ၂ ဒသမ ၇၅ ဘီလီယံအထိ မြင့်တက်ကာ ၃၁ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာန၏ အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ပြီး အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်တို့သည် ၎င်း၏နောက်တွင် ရပ်တည်နေကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်း၊ စက်ဘီး၊ ကားတာယာ၊ ဆိုလာပြား၊ ရော်ဘာခြောက်၊ ဆန်စပါး၊ ငှက်ပျောသီး၊ သီဟိုဠ်စေ့၊ သရက်သီးများတင်ပို့ပြီး အထည်အလိပ်၊ ရေနံ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ မိုဘိုင်းဖုန်း၊ မော်တော်ကားနှင့် ဆိုင်ကယ်၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်များ တင်သွင်းသည်။

ဒေသတွင်း ပြီးပြည့်စုံသည့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်၊ တောင်ကိုရီးယား၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့အကြား လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များသည် နိုင်ငံ၏ကုန်သွယ်မှု တိုးတက်ရေးအတွက် ခွန်အားဖြစ်လာခဲ့ကြောင်း ကမ္ဘောဒီးယား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချက်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဟော်မုဇ်ရေလက်ကြားကို ပိတ်ပင်ရန် အီရန်နိုင်ငံတွင် စွမ်းအားရှိဟု အီရန်တာဝန်ရှိသူပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၁၀**

အမေရိကန်၏ အီရန်နိုင်ငံ စွမ်းအင်ကဏ္ဍအပေါ် ပိတ်ဆို့အရေးယူမည့်အရေးကို တုံ့ပြန်သည့်အနေဖြင့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ပင်ရန် အီရန်နိုင်ငံတွင် စွမ်းအားရှိသော်လည်း လက်ရှိအချိန်တွင် ယင်းဟော်မုဇ်ရေလက်ကြားကိုပိတ်ရန် ဆောင်ရွက်မည်မဟုတ်ကြောင်း အီရန်အစ္စလာမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့ ရေတပ်မတော်တပ်မှူး အလီရီဇာတန်ဆီရီ၏ ပြောကြားချက်ကို ကိုးကား၍ အီရန်နိုင်ငံ၏ တရားဝင်သတင်းအေဂျင်စီ တက်စ်စမင် ကပြောကြားသည်။

**ကြောက်ရွံ့ရန်မလို**

အီရန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍအား ပိတ်ဆို့အရေးယူမည်ဟု အမေရိကန်သမ္မတထရမ့်က ပြောကြားခဲ့ခြင်းအပေါ် အီရန်နိုင်ငံက မည်ကဲ့သို့ တုံ့ပြန်မည်ဟူသည့် မေးခွန်းနှင့်ပတ်သက်၍ ၎င်းက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ယခုကဲ့သို့ ပိတ်ပင်ခြင်းမပြုရခြင်းမှာ အမေရိကန်နိုင်ငံကို ကြောက်ရွံ့၍မဟုတ်ဘဲ ယင်းရေလက်ကြားကို အီရန်နိုင်ငံက အသုံးချ၍ ရခြင်းကြောင့် ဖြစ်သည်ဟုပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် ဒုံးကျည်များ၊ ရေယာဉ်များ၊ ဒရုန်းယာဉ်များစသည့် လက်နက်များ ပိုင်ဆိုင်ထားမှုကြောင့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ပင်မည့်အရေးတွင် အမေရိကန်နိုင်ငံကိုကြောက်ရွံ့ရန်မလိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အီရန်နိုင်ငံ၏ ရေနံပို့ကုန်တင်ပို့မှုကို သုညအဆင့်အထိရောက်ရှိရန် ကြိုးပမ်းမည်ဟု အမေရိကန်က ပြောကြားခဲ့သော်လည်း လက်တွေ့တွင် ဖြစ်မလာဘဲ အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုများအောင်မြင်နေကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံအား နျူကလီးယား လက်နက်ပိုင်ဆိုင်ခြင်းမရှိစေရေး ဆောင်ရွက်ရန် အမိန့်တစ်ရပ်ကို အမေရိကန်သမ္မတထရမ့်က မကြာသေးမီက ထုတ်ပြန်ခဲ့သည်။ အီရန်နှင့် အိုမန်နိုင်ငံတို့အကြားတွင် တည်ရှိသည့် ဟော်မုဇ်ရေလက်ကြားသည် ကမ္ဘာ့ရေနံတင်ပို့ရေးတွင် အချက်အချာနေရာဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဂါဇာဒေသသည် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းပြုနိုင်သည့် ဒေသမဟုတ်ကြောင်း ဟားမတ်စ်ပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၀**

ဂါဇာဒေသသည် သိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဝယ်ယူခြင်းနှင့် ရောင်းချခြင်းပြုနိုင်သည့် ဒေသမဟုတ်ကြောင်း ဟားမတ်စ်က ယနေ့တွင် အမေရိကန်သမ္မတ ထရမ့်၏ဂါဇာဒေသကိုဝယ်ယူမည်ဟု ပြောကြားချက်ကို တုံ့ပြန်သည့်အနေဖြင့် ပြောကြားခဲ့သည်။

ဟားမတ်စ်၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် အိုင်ဇက်အယ်လ်ရီရှက်ခ်က ထရမ့်၏အထက်ပါ ပြောကြားချက်ကို ရှုတ်ချခဲ့သည်။

**ရွှေ့ပြောင်းရေးလုပ်ငန်းများကို တားဆီး**

ဒေသခံပါလက်စတိုင်းများသည် နေရပ်ဒေသမှ ရွှေ့ပြောင်းရေးလုပ်ငန်းများကို တားဆီးလိမ့်မည်ဟု ဟားမတ်စ်အဖွဲ့ကပြောကြားသည်။

"ဂါဇာဒေသသည် ပါလက်စတိုင်းများ၏ ပိုင်ဆိုင်ရာ ဒေသဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသအား အမေရိကန်နိုင်ငံက ဝယ်ယူပိုင်ဆိုင်မည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် အရှေ့အလယ်ပိုင်းရှိ နိုင်ငံများအား ဂါဇာဒေသပြန်လည်တည်ဆောက်ခွင့်ပေးမည်ဖြစ်ကြောင်း ထရမ့်က ယမန်နေ့တွင်ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှားနိုင်ငံတွင် အခမဲ့ကျန်းမာရေးစစ်ဆေးပေးသည့် အစီအစဉ် စတင်ဆောင်ရွက်

**ဂျကာတာ ဖေဖော်ဝါရီ ၁၀**

အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံသားများအတွက် အခမဲ့ကျန်းမာရေးစစ်ဆေးပေးသည့် အစီအစဉ်ကို ယနေ့ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအစီအစဉ်ကို ဆောင်ရွက်ရခြင်းမှာ နိုင်ငံသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ကုသမှုဆောင်ရွက်ပေးနိုင်သည့် ရောဂါအားလုံးကို ကုသပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းအစီအစဉ်တွင် လူထုလူတန်းစားအားလုံးပါဝင်ပြီး မွေးကင်းစအရွယ်မှ သက်ကြီးရွယ်အိုများအထိ အခမဲ့ကျန်းမာရေး စစ်ဆေးပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အခြေခံကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် အမ်ဒန်ဆူမီဝီကပြောကြားသည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအနေဖြင့် နှလုံးရောဂါစစ်ဆေးခြင်း၊ ဟော်မုန်းလျော့နည်းမှုစစ်ဆေးခြင်း၊ အစာအာဟာရဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု၊ နား၊ မျက်စိ၊ သွေးတိုးရောဂါများကုသခြင်းနှင့် လေဖြတ်နိုင်ခြေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ယခုအစီအစဉ်ကို ယနေ့တွင်နိုင်ငံတစ်ဝန်းရှိ ဒေသခံ ၁၇၀၀၀



လာရောက် ပြသစစ်ဆေးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနတာဝန်ရှိသူ ဗူဒီဂူနာကီဆာဒီကင်ကပြောကြားသည်။ ရောဂါများကို ကြိုတင်ကာကွယ် ကုသနိုင်ရန်အတွက် ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တောင်ကိုရီးယားနိုင်ငံ၌ ရေနံသိုလှောင်ကန် ပေါက်ကွဲမှုဖြစ်ပွား

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**

တောင်ကိုရီးယားနိုင်ငံ၌ ရေနံသိုလှောင်ကန် ပေါက်ကွဲမှုကြောင့် အလုပ်သမားတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဆိုးလ်မြို့တော် အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာအူဆန်ရှိ စက်ရုံတွင် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်နေရာတွင် အသက် ၃၀ အရွယ် အလုပ်သမားနှစ်ဦးအနက် တစ်ဦးမှာ သတိလစ်မေ့မြောနေသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း နောက်ပိုင်းတွင် သေဆုံးသွားခဲ့သည်။

ကျန်တစ်ဦးမှာ အသက်အန္တရာယ် မစိုးရိမ်ရကြောင်းသိရသည်။ ကနဦး စုံစမ်းစစ်ဆေးမှုများအရ အလုပ်သမားများသည် ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ရေနံသိုလှောင်ကန်အတွင်းပိုင်းရှိ ရေနံဓာတုပစ္စည်းအဆင့်ကိုအကဲဖြတ်ရန် ရေနံသိုလှောင်ကန်၏ အပေါ်ဘက်ရှိ အပေါက်တစ်ခုကို ဖွင့်လှစ်ဆောင်ရွက်နေကြောင်းသိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ



ဖေဖော်ဝါရီ ၉ ရက်တွင် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား တွေ့မြင်ရစဉ်။




မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများ အတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့်လည်း အဆိုပါတရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်း အပါအဝင် အခြား ဒုစရိုက်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ပူးပေါင်းအဖွဲ့များက တက်ကြွစွာဖြင့် တင်းတင်းကျပ်ကျပ် ရှာဖွေစစ်ဆေး ဖော်ထုတ်ဖမ်းဆီးမှုများ အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့် စစ်ဆေးမှုအား ဆောင်ရွက်လျက်ရှိပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနယ်မြေအတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ တရားမဝင် အွန်လိုင်း လောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ ဆောင်ရွက်နေသူများအား လုံခြုံရေးဆောင်ရွက်ပေးနေသူ ငါးဦး၊ တရုတ်နိုင်ငံသား အမျိုးသား ၄၈ ဦး၊ အမျိုးသမီးနှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၀၂ ဦးတို့အား တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ အလုံး ၂၆၀၊ Laptop ၂၅ လုံး၊ Desktop ၂၁ လုံး၊ Keyboard ၂၈ လုံး၊ Wifi စက် နှစ်လုံး၊ Starlink ခုနစ်လုံး၊ လက်နက်မျိုးစုံ ခုနစ်လက်၊ ကွန်ပျူတာ ၇၂ လုံး၊ ငါးဂိမ်းစက် ငါးလုံး၊ မော်တော်ယာဉ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများနှင့် အခြား ဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် စုံစမ်းဖော်ထုတ်လျက်ရှိပြီး ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ နေအိမ်များအား ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍သက်ဆိုင်ရာ မြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အနန်းကွင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများသည် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**အမိန့်ချမှတ်**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာနေ နန်းထွေးနှင့် မြင့်မြင့်စန်းတို့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာနေ မ---၊ ၂၁/၂၀၂၄ နှစ်အား တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက တင်တောင်းငွေအဖြစ် တရုတ်ယွမ် ၄၀၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့မရဲစခန်း(ပ) ၃၁၀/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင် တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် တရားခံ နန်းထွေးနှင့် မြင့်မြင့်စန်းတို့နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Daw Moe Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာနေ မိုးမိုး (၆၀)နှစ်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကဒုံကနိနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် နွေစပါးနှင့် ပဲတီစိမ်း ဧက ၁၀၀ စိုက်ခင်းများ လိုက်လံကြည့်ရှုစစ်ဆေး



ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများသည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက နွေစပါးနှင့် ပဲတီစိမ်းဧက ၁၀၀ စိုက်ခင်းများ၊ သုံးခွမြို့ရှောင်လမ်းလုပ်ငန်းခွင်နှင့် ပဲခူး – သန်လျင်လမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သန်လျင်မြို့နယ် ဘယက်ကျေးရွာရှိ နွေစပါးဧက ၁၀၀ စိုက်ခင်းတွင် ဆိုလာရေသွင်းစနစ်ဖြင့် နွေစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရန် စိုက်ပျိုးထားရှိမှုနှင့် တောင်သူများက မြေဩဇာထည့်သွင်းကြဲပက်နေမှု၊ သုံးခွမြို့နယ် သိုက်တူးကန် ကျေးရွာရှိ ပဲတီစိမ်းဧက ၁၀၀ တစ်ကွင်းတစ်စပ်စံပြကွက်နှင့် အဆိုပါကျေးရွာရှိ တောင်သူတစ်ဦး၏ စိုက်ခင်းတွင် ပဲတီစိမ်းဆွတ်ခူးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမ်းဦးစီးဌာန အထူးအဖွဲ့ (၁၄)မှ ပဲခူး–သနပ္ပင်–ခရမ်း–သုံးခွ သန်လျင်လမ်း (၅)မိုင်ရှိ သုံးခွမြို့ရှောင်လမ်းတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ပဲခူး–သန်လျင်လမ်း ၆၁ / ၂ – ၃ ကြားတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# လှိုင်သာယာမြို့နယ်၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီဝင်များအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၂၅)ကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် လုပ်ငန်းခွင်သုံး ဘွိုင်လာများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး၊ လုပ်ငန်းခွင်အတွင်း လျှပ်စစ်အန္တရာယ်နှင့် ဘေးအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းခွင်ကျန်းမာရေးဆိုင်ရာ အခြေခံသဘောတရား ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ကော်မတီဝင်များအတွက် သင်တန်းအမှတ်စဉ်(၂/၂၀၂၅)ကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၅ ရက် အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ်မှ နည်းပညာရှင်များ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများနှင့် သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သန်လျင်မြို့နယ်၌ သစ်တောနှင့် သဘာဝတထိန်းသိမ်းရေး အသိပညာပေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၀

သစ်တော၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်မြို့ ကွမ်းခြံကုန်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်နိုင်က မီးခိုးမြူငွေ့လျှော့ချရေး၊ ရေသယံဇာတ ထိန်းသိမ်းရေး၊ သစ်တောထိန်းသိမ်းရေးဆိုင်ရာများ၊ မီးလောင်မှုများ လျှော့နည်းကျဆင်းရေးအတွက် တောမီး၊ တောင်ယာ၊ ရိုးပြတ်များအား မီးရှို့ခြင်းများမပြုလုပ်ရေး၊ အမှိုက်သရိုက်များအား စနစ်တကျစွန့်ပစ်ရေးဆိုင်ရာများကို အသိပညာပေးဆွေးနွေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၂-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၀ | ၃၂၃၅ | ၃၁၇၀ | ၃၂၇၅ | ၃၂၉၀ | ၃၃၁၀ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၀ | ၃၂၄၅ | ၃၂၄၅ | ၃၃၁၅ | ၃၂၈၀ | ၃၃၀၅ | ၃၅၆၀ | ၄၁၀၀ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၃၀၀ | ၃၂၃၀ | ၃၃၄၀ | ၃၃၅၅ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၁၀ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၃၅ | ၂၈၅၀ | ၂၈၁၅ | ၂၇၅၀ | ၂၈၅၅ | ၂၈၇၀ | ၂၈၉၀ | ၂၈၀၅ | - | ၃၀၀၀ | ၂၈၂၅ | ၂၈၂၅ | ၂၈၉၅ | ၂၈၆၀ | ၂၈၈၀ | ၃၁၄၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |
| HSD (10 ppm) | ၃၃၇၀ | ၃၄၈၅ | ၃၄၅၀ | ၃၃၈၅ | ၃၄၉၀ | ၃၅၀၅ | ၃၅၂၅ | ၃၄၄၀ | - | ၃၇၃၅ | ၃၄၆၀ | ၃၄၆၀ | ၃၅၃၀ | ၃၄၉၅ | ၃၅၁၅ | ၃၇၇၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၃ | ၃၀၇၆ |
| 95 Ron | ၃၀၄၂ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၆ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၈၃ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၈၈ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၀-၂-၂၀၂၅) ရက်နေ့ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂–၂–၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၂–၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၇၈၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

**တိုင်းပြည် သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၇-၂-၂၀၂၅ ရက်မှ ၂၈-၃-၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာငံ)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှာငံမြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



## မုဒုံမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားမှုရှိစေရန် တွေ့ဆုံပွဲပြုလုပ်

**မုဒုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ထားမှုရှိစေရန် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် မော်လမြိုင်ခရိုင် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ဦးက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မိမိတို့ ရပ်ကွက်/ကျေးရွာများရှိမီးသတ်ယာဉ်၊ မီးသတ်စက်များ သင့်လေးသင့်အနေအထားရှိစေရန်၊ ထူးခြားဖြစ်စဉ်ရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းသွားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းမြင့်အေးက မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအချက်များကို လိုက်လံနှိုးဆော်မှု အခြေအနေ၊ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ပြီး တွေ့ဆုံပွဲသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် အာမခံအလုပ်သမားဝန်ထမ်းများအား ဆေးကုသပေးခြင်းများ ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ကြီးမှူး၍ အလုပ်သမား ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့ ဖွဲ့စည်း၍ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ဆေးဝါးစက်ရုံ (အင်းစိန်)ရှိ အာမခံအလုပ်သမား ၁၅၁၆ ဦးအား လိုအပ်သောဆေးကုသမှုများ၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကြည့်ရှုအားပေးပြီး အထွေထွေရောဂါလူနာ ၁၈၆ ဦး၊ ခွဲစိတ်ရောဂါလူနာ ၁၅ ဦး၊ သားဖွားမီးယပ်လူနာ ၅၅ ဦး၊ အရိုးအကြောလူနာ ၁၄၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းရောဂါလူနာ ၄၀၊ မျက်စိရောဂါလူနာ ၁၁၉ ဦး၊ သွားနှင့် ခံတွင်းရောဂါလူနာ ၆၁ ဦးတို့အား ကုသမှုပေးခဲ့သည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ တိုင်းရင်းဆေးခန်း တစ်ခန်း၊ စာချုပ်ဆေးခန်း ၆၉ ခန်းနှင့် မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုဆေးခန်း ၁၄ ခန်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးသည့်အပြင် ပိုမိုထိရောက်လွယ်ကူစေရန်နှင့် ပိုမိုလွှမ်းခြုံမှုပေးနိုင်ရန်အတွက် ရွေ့လျား ဆေးကုသရေးယာဉ် သုံးစီးနှင့် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး**

## အုတ်တွင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**အုတ်တွင်း ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို



ယနေ့နံနက် ၉ နာရီတွင် အခြေခံပညာအထက်တန်း(ဗောဓိကုန်း)ကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောရာတွင် အုတ်တွင်းမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်မင်းဦးက သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တောအုပ်ကြီး ဦးရဲနောင်သွင်က မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

အသိပညာပေး ဟောပြောပွဲသို့ အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၁၅ ဦး တက်ရောက်ကြပြီး ကျောင်းသားကျောင်းသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## ကျောက်တံခါးမြို့ရှိ ဌာနဆိုင်ရာရုံးများ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်တံခါး ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ဈေးပိုင်းရပ်ကွက် ရုံးပေါင်းစုံလမ်းရှိ ဌာနဆိုင်ရာရုံးများအား လိုက်လံဆောင်ရွက်သည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ဌာနဆိုင်ရာရုံးများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှုရှိစေရေး တို့အတွက် ကျောက်တံခါးမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်ဟိန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများတွင် လျှပ်စစ်မီးကြိုးများ၊ မီးခလုတ်များ သွယ်တန်းတပ်ဆင်ထားရှိမှုနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာ၌ ငရုတ်သီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မအူပင် ဖေဖော်ဝါရီ ၁၀

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်သီးနှံ တစ်မျိုးဖြစ်သော ငရုတ်သီးကို စိုက်ပျိုးလျက်ရှိကြောင်း၊ မအူပင်ခရိုင်အတွင်း ငရုတ်သီးစိုက်ပျိုးမှုအနေဖြင့် စိုက်ဧကပေါင်း ၆၆၆၁ ဧကရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့်မတ်လများတွင် ထွက်ရှိကြောင်း၊ မျိုးအနေဖြင့် မနီကမ်းတံဆိပ် ငရုတ်အမှည့်စိမ်းမျိုးများကို တစ်ဧကလျှင် မျိုးထုပ် ၂၂ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုးစေ့များကို ပျိုးထောင်ပြီး ၁၀ ရက်သားအရွယ်တွင် မြေချ၍ အတန်းလိုက် စနစ်တကျ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်သိန်း ၃၀ ခန့် ကုန်ကျပြီး ငရုတ်သီး ပိဿာချိန် ၃၂၀၀–၃၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

## အကျိုးအမြတ် ပိုမိုရရှိ

ဈေးကွက်အနေဖြင့် တောင်သူများမှ မအူပင်မြို့နယ် ချောင်းကြီးကျေးရွာနှင့် ရေလဲကျေးရွာရှိ ငရုတ်သီးဒိုင်သို့ တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ၍ ရန်ကုန်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ကြောင်း၊ ငရုတ်သီးစိုက်တောင်သူများသည် ပြည်ပဈေးကွက်ဝင် ငရုတ်အမှည့်စိမ်းမျိုးများကို စိုက်ပျိုးခြင်းဖြင့် ငရုတ်သီးဈေးနှုန်း ကောင်းမွန်သောကြောင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။



# မအူပင်မြို့နယ်၌ စံပယ်ပင်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိ

မအူပင် ဖေဖော်ဝါရီ ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကြယ်တာရာပန်း၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ စူပါကျောက်စိမ်း စသည့်ပန်းများအပြင် နှစ်ရှည်ပင်ဖြစ်သော စံပယ်ပင်များကိုလည်း အများအပြား စိုက်ပျိုးကြကြောင်း၊ စံပယ်ပင်ကို မိသားစုအပိုဝင်ငွေရရှိရန်အတွက်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

စံပယ်ပင်ကို မိုးတွင်းကာလများတွင် စိုက်ပျိုးပြီး ငါးလခန့်အကြာတွင် စံပယ်ပန်းများ ခူးဆွတ်ရရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် စံပယ်ပင်အကိုင်းများကို ခုတ်ယူပြီး ပေါင်ခတ်၍ အတန်းလိုက် စိုက်ပျိုးရကြောင်း၊ စံပယ်ပန်းများသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ထွက်ရှိပြီး ဆောင်းရာသီတွင် အထွက်နှုန်းနည်းပါး၍ နွေရာသီနှင့် မိုးရာသီများတွင် အထွက်နှုန်းများပြားကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကအတွက် တစ်လလျှင် စံပယ်ပန်း ပိဿာချိန် ၁၅၀–၂၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပန်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ စံပယ်ပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး လစဉ်ဝင်ငွေရရှိသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သတင်းရင်းမြစ် - စီးပွား / ကူးသန်း

# ကျောက်ဆည်မြို့နယ်၌ ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး



သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

## အကျိုးအမြတ်ရရှိ

ခရမ်းသီးသည် ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အချိန်တွင် ခရမ်းသီးများကို စတင်ခူးဆွတ်ရောင်းချရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်ပြီး ပျိုးပင်တစ်လခွဲသားအရွယ်တွင် ပေါင်ခတ်၍ အတန်းလိုက် စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀၀–၈၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ခရမ်းသီးများကို တစ်ပတ်ခြားတစ်ကြိမ် ခူးဆွတ်လျက်ရှိရာ တစ်ဧကလျှင် ပိဿာချိန် ၂၀၀၀–၂၂၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိသည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ခရမ်းသီးစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

# မြစ်သားမြို့နယ်၌ ကျောက်ဖရုံသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ရွာခိုင်ကြီးကျေးရွာ၊ မသဲကျေးရွာ၊ စမြောင်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကျောက်ဖရုံသီးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

ကျောက်ဖရုံသီးကို ပေါင်ခတ်၍ မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ မျှားနီ(ထိုင်ဝမ်)မျိုးနှင့် ဗမာမျိုးများရှိပြီး မျှားနီ(ထိုင်ဝမ်)မျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ကျောက်ဖရုံသီးကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၄–၅ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀–၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ကျောက်ဖရုံသီး အလုံးရေ ၁၅၀၀–၁၆၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဖရုံသီးများကို ပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ရန်ကုန်မြို့နှင့် မိတ္ထီလာမြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကျောက်ဖရုံသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

## ၁၀–၂–၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၀၄၅ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၃၀၀ | ၄၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၉၄၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၂၉၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၂၅၀၀ | ၇၀၀၀ | ၅၇၀၀ | ၁၈၅၀၀ | ၃၃၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၅၀၀ | ၇၉၀၀ | ၁၂၀၀၀ | ၃၁၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၂၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၂၂၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၉၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၆၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၇၉၅ | ၁၆၂၀၀ | ၃၅၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၂၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၂၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၇၉၅ | ၁၆၈၀၀ | ၃၈၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၄၀၀ | ၁၆၅၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၅၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# ဘားအံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၆ နာရီက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိကွင်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို ကရင်ပြည်နယ် ကိုယ်စားပြု မျိုးဆက်သစ် စက်ဘီးအားကစားသမားများပေါ်ထွန်းလာစေရေးနှင့် ဒေသ၏ တည်ငြိမ်အေးချမ်းမှုကို ပေါ်လွင်စေပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အမျိုးသမီးတောင်တက်စက်ဘီး(Mountain Bike) အလွတ်တန်းပြိုင်ပွဲတွင် ၂၀၊ အမျိုးသားအသက် ၄၀ အထက် တောင်တက်စက်ဘီး(Mountain Bike)တွင် ၃၄ ဦး၊ အသက် ၄၀ အောက် တောင်တက်စက်ဘီး(Mountain Bike) ပြိုင်ပွဲတွင် ၄၈ ဦး၊ အလွတ်တန်း Road Bike ပြိုင်ပွဲတွင် ၈၀ စုစုပေါင်း ပြိုင်ပွဲဝင် ၁၈၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ပြိုင်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့ရာ ဘားအံမြို့ ပတ်ဝန်းကျင်ကျေးရွာများကို ဖြတ်သန်း၍ အမျိုးသားပြိုင်ပွဲအနေဖြင့် မိုင်အားဖြင့် ၂၇ ဒသမ ၂ မိုင်၊ အမျိုးသမီးပြိုင်ပွဲအနေဖြင့် ၁၆ ဒသမ ၅ မိုင် ယှဉ်ပြိုင်ကြပြီး စတင်တာလွှတ်ရာ သီရိကွင်းမုခ်ဦးရှေ့၌ ပြန်လည်ပန်းဝင်လာကြရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စက်ဘီးစီးဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်စက်ဘီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များက အလွတ်တန်း Road Bike ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်းစက်ဘီးပြိုင်ပွဲ၊ အမျိုးသား အသက် ၄၀ အထက် တောင်တက်စက်ဘီး(Mountain Bike)ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမျိုးသားအသက် ၄၀ အောက် တောင်တက်စက်ဘီး(Mountain Bike) ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသူများအား တစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကာ ယနေ့ပြိုင်ပွဲတွင် ဂုဏ်ပြုဆုပေါင်း ၃၅ ဆုကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

**❖ (၇၈) နှစ်မြောက်မှ**

ရုပ်သံလိုင်းများဖြစ်သော 5 Plus၊ Readers' Channel၊ Channel 9၊ MNTV၊ Skynet Up to Date Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD၊ MWD VARIETY HD တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ ပဒ္မဝတီ၊ မန္တလေး၊ ရွှေ ပုဂံ တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့် ပြသမည် ဖြစ်သည်။

ထို့အပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ညနေ ၆ နာရီမှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက် (Live ) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည ၈ နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

---

**✪ စပါးအသင်းမှ**

သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ အမ်တဲလ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းနဲ့အတူ သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ မော်ဂန်ရော့ဂျာဟာ ယခုဘောလုံးရာသီမှာ သွင်းဂိုး ၁၁ ဂိုး အထိရှိလာခဲ့ပြီး အက်စ်တွန်ဗီလာအသင်းကိုလည်း အက်ဖ်အေဖလား ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းအနေနဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိခဲ့ပေမယ့် စပါးအသင်းအတွက်တော့ လေးရက်တာကာလအတွင်းမှာ ရှုံးပွဲနှစ်ကြိမ်ရှိလာခဲ့ပြီး အခုပွဲစဉ် မတိုင်မီကလည်း ကာရာဘောင်ဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ် ဒုတိယအကျော့မှာ လီဗာပူးအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါ့ပြင် စပါးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အဆင့်(၁၄)နေရာမှာ ရပ်တည်နေခဲ့တာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

---

# ပုသိမ်ကြီးမြို့နယ်တွင် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ စာရင်းကောက်ယူမှုများ ဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၀**

မန္တလေး တိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိ ပြည်သူများ၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိစေရေး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှုများကို ဖေဖော်ဝါရီ ၃ ရက်မှ စတင်၍ ဆောက်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက နန်းဦးလွင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။



ပန်းခင်း(၃) စီမံချက်အနေဖြင့် မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း၊ နေထိုင်ခြင်း ရှိ၊ မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများအား စိစစ်၍ စီမံချက်အနေဖြင့် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ် တစ်ခုခုရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ကွင်းဆင်းရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ မြို့နယ်မြေပြင်လူဦးရေစာရင်း ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကော်မတီဝင်များနှင့် ကျေးရွာကော်မတီဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

# ရေဝတီတံတား( မလွန် )ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရေဝတီတံတား(မလွန်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ လည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း သတ်မှတ်ပေးထားပြီး ယခုအခါ မြစ်ကြမ်းပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် တံတားရေလမ်းကြောင်းကို ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွှတ်အကျယ်မှာ ၉၈ မီတာရှိပြီး ကင်းလွှတ် အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်းတိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

---

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

---

# ရေတာရှည်မြို့နယ်၌ ကြံအထူးအထွက်တိုး စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကျင်းပ

**ရေတာရှည် ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသီးနှံ မျိုးသန့်ခြံ (ဘိုးတော်ကုန်း) ၌ ကြံသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးအထူးအထွက်တိုး ကြံစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက ကျင်းပသည်။

အထူးအထွက်တိုး ကြံစိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲတွင် ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်က တက်ရောက်လာသော ကြံစိုက်တောင်သူများအား ကြံအထူးအထွက်တိုးစိုက်ပျိုးနည်းစနစ်ကို ရှင်းလင်းပြောကြားပြီး လက်တွေ့စိုက်ပျိုးပြသသည်။

အဆိုပါ အထူးအထွက်တိုးကြံစိုက်ပျိုးနည်းစနစ်ကွင်းသရုပ်ပြပွဲသို့ ကြံသီးနှံမျိုးသန့်ခြံ(ဘိုးတော်ကုန်း) အနီးဝန်းကျင်မှ ကြံစိုက်တောင်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၅၀ ခန့်တက်ရောက်ပြီး ကြံစိုက်တောင်သူများမှ ခြံတာဝန်ခံ ဦးဇော်မြင့်နိုင်အား သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၁၁၃/ဘီ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် Golden Oak ကွန်ဒို(၁) အဆောက်အဦရှိ အခန်းအမှတ် (၂/စီ)၊ (၂)လွှာ၊ အကျယ်အဝန်း (၁၄၅၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးသက် [၁၂/လမန (နိုင်)၁၁၈၃၈၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အထက်ပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြတ်ထွေး(LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၉၉၃)**
**ဖုန်း– ၀၉ –၄၂၁၀၈၇၃၈၆**

## မောင်ဖွဲ့ဗိုလ်ဗိုလ်လှိုင်အား သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား မိဘများမှ တာဝန်မယူကြောင်း

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ ရှမ်းချောင်းကျေးရွာနေ ဦးအေးနိုင် [၁၂/ကတန(နိုင်)၀၃၆၈၈၆]နှင့် ဒေါ်အေးသန်း [၁၂/ကတန(နိုင်)၀၄၆၃၈၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ဖွဲ့ဗိုလ်ဗိုလ်လှိုင် [၁၂/တတထ(နိုင်)၀၀၄၆၁၃]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သန္တာအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၇၉၂၂)**

**ဦးကျော်ဇင်လတ်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၃၄၈)**

**အမှတ်(၆၃)၊ အနောက်အာဇာနည်လမ်း၊ ဆရာစံတောင်စံပြရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၈၆၄၂၆၈၄၄၊ ၀၉–၇၅၅၆၅၇၈၅၁**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မင်းနိုင် [၁၂/အလန(နိုင်)၀၄၄၂၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

ဦးတင်မင်းနိုင် [၁၂/အလန(နိုင်)၀၄၄၂၉၁]နှင့် ဒေါ်အိအိမိုးဝင်း [၁၂/ဥကမ(နိုင်)၂၅၁၉၉၀]တို့သည် ၅–၂–၂၀၂၅ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် တရားရုံး၌ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ဒေါ်အိအိမိုးဝင်းမွေးဖွားခဲ့သော သမီးဖြစ်သူ၏ ဖခင်မှာ ဦးတင်မင်းနိုင် မဟုတ်သည့်အတွက် အဆိုပါသမီးနှင့် ပတ်သက်၍ နောက်နောင်တွင် ဦးတင်မင်းနိုင်နှင့် လုံးဝ ပတ်သက်စပ်ဆိုင်ခြင်းမရှိကြောင်း၊ ၎င်းကလေးနှင့် ပတ်သက်၍လည်း မည်သည့်ကိစ္စမှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်မင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုဝင်းမာ**
**တရာလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၉၃၃၅၇**

❍ MNL မှ

ရန်ကုန်ယူနိုက်တက်၊ တတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းတို့၏ နိုင်ပွဲပျောက်ဆုံးမှုကို အခွင့်အရေးမယူနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် သိန်းသန်းဝင်း၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ဇင်ညီညီအောင်(ဂိုး)၊ စွမ်းထက်၊ အောင်ကျော်နိုင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး မဟာယူနိုက်တက်အသင်းမှာလည်း တိုးဆက်နိုင်၊ ကျော်စွာမင်း၊ အာကာကျော်၊ အောင်လှိုင်ဝင်း၊ ကောင်းမြတ်သူ၊ ပက်ထရစ်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံးနိုင်ပွဲရရှိရေး လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၆၈ မိနစ်တွင် အာကာကျော်က ပင်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် အာကာကျော်ကရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၂၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၉) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တို့ ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–MFF

**ပေါင်းစည်းချစ်ကြည်**
**လက်တွဲညီ ပြည်ထောင်စုရဲ့**
**ပန်းတိုင်ဆီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ၅၁ လမ်း (အလယ်)၊ အမှတ် (၁၂၇) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၃) ထပ်တိုက် အနက်မှ (မြေညီထပ်)၊ (တိုက်ကိုမျက်နှာမူလျှင်– ညာ)၊ အကျယ်အဝန်း (၂၅x၅၀) ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **၁။ ဦးသန်းဌေး [၁၂/ကတတ(နိုင်)၀၁၃၁၇၃]၊ ၂။ ဒေါ်ခင်မြဝင်း [၁၂/ကတတ(နိုင်)၀၁၃၀၉၁]** အရောင်းအဝယ်ကတိစာချုပ်အရ အမည်ပေါက်ပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ရာကွတ်(ခ)လှဝင်း [၁၂/တမန(နိုင်) ၀၈၆၉၆၉]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁) ရပ်ကွက်၊ ၅၁ လမ်း (အလယ်)၊ အမှတ် (၁၂၅) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၃) ထပ်တိုက် အနက်မှ (မြေညီထပ်)၊ (တိုက်ကိုမျက်နှာမူလျှင်– ဝဲ)၊ အကျယ်အဝန်း (၂၅x၅၀) ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **၁။ ဦးမျိုးသူရ [၇/ရတန (နိုင်) ၀၀၁၅၈၅]၊ ၂။ ဒေါ်ကေခိုင်သန်း [၁၂/ကတတ(နိုင်)၀၀၂၀၅၉]** မေတ္တာဖြင့် တိုက်ခန်း အပြီးအပိုင် ပေးအပ်ခြင်း ကတိစာချုပ်အရ အမည်ပေါက် ပိုင်ဆိုင်လာပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ရာကွတ် (ခ) လှဝင်း [၁၂/တမန(နိုင်)၀၈၆၉၆၉]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၇၆၄)**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့နယ်၊ ရှမ်းရွာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၂၀၀) ညောင်လေးပင် အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁က/၂၃)၊ မြေကွက်အမှတ်( – )ရှိ ဧရိယာ(၀.၁၀)ဧကအား ရွှေကျင်မြို့၊ ဂန့်ဂေါဝိုင်းရပ်ကွက်နေ ဦးဇော်ဟိန်းထက်မှ မြေငှားဂရန်အသစ် လျှောက်ထားကြောင်း ညောင်လေးပင်မြို့နယ်၊ ရှမ်းရွာကျေးရွာ အုပ်စုနေသူတို့အား ဤသို့အားဖြင့် အသိပေး အကြောင်းကြားလိုက်သည်–

| | |
|---|---|
| အရှေ့ဘက် | ရန်ကုန် – မန္တလေးကားလမ်း |
| အနောက်ဘက် | ဦးပိုင်အမှတ်(၁က/၂၃)၏ ကျန်မြေ |
| တောင်ဘက် | ဦးပိုင်အမှတ်(၁/၄) |
| မြောက်ဘက် | ဦးပိုင်အမှတ်(၁ဃ) |

ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်းဖြစ်ပါသည်။

ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကန့်ကွက်လွှာများကို ညောင်လေးပင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ(၂၁)ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍ (၂၁–၂–၂၀၂၅ ) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ရွှေကျင်မြို့၊ ဂန့်ဂေါဝိုင်းရပ်ကွက်နေ ဦးဇော်ဟိန်းထက်မှ မြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည်ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ဒေါပုံမြို့နယ်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၇

| | |
|---|---|
| ၁။ ဦးကျော်လွင် | ၁။ ဦးလုပ်မန်း |
| ၂။ ဦးကျော်ထူး | ၂။ ဒေါ်အေးသန်း |
| **(တရားလိုများ)** | **(တရားပြိုင်များ)** |

ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၂၈၁)နေ ၁။တရားပြိုင် ဦးလုပ်မန်း (ယခုနေရပ်လိပ်စာမသိ)နှင့် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သီတာနွယ်လမ်း၊ အမှတ်(၁၁)နေ ၂။တရားပြိုင် ဒေါ်အေးသန်း (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ် တရားလို ဦးကျော်လွင်ပါ–၂က **ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု**ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁)ရက်၊ ၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ်(၉)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းနိုင်ရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ဆင့်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများ နှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ရဲထက်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက(၄) Grade–၆မှ မသဲစုခိုင်နှင့် အမက–အုတ်နဲ့ဘုတ် Grade–၅ မှ မောင်ဟိန်းဇေယျာတို့၏ ဖခင် အမည်မှန်မှာ ဦးဘမောင် [၉/မထလ (နိုင်) ၂၇၁၅၈၁] ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကောင်းလျှံ ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade 1 တွင် ပညာသင်ကြားနေသော အဖ ဦးရဲလင်းထက် [၉/ပမန(နိုင်) ၁၉၄၃၆၇]၏ သား မောင်လင်းထက်ပိုင်အား မောင်လင်းပြည့်ဘုန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းပြည့်ဘုန်း**

## အမည်ပြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကောင်းလျှံ ကိုယ်ပိုင်မူလတန်းကျောင်း KG တွင် ပညာသင်ကြားနေသော အဖ ဦးရဲထွဋ်မိုး [၈/ဂဂန (နိုင်)၀၈၂၀၂၁]၏ သမီး မပန်ဆုသဒ္ဒါအား မဆုသဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။

**မဆုသဒ္ဒါ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၇၇၉)၊ ပင်းယ(၂)လမ်း၊ မြေဧရိယာ(၄၀x၆၀)ပေထဲမှ (၁၀x၆၀)ပေပါမစ်မိတ္တူခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးသန်းရွှေ[၇/သဝတ(နိုင်)၁၀၈၃၉၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သူဇာခိုင် [၅/ကလထ(နိုင်)၂၂၀၆၈၅]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇော်မြင့်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၉၇၅)**
**အမှတ်(၁၁၉၈)၊ ပင်းယလမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၅၁၉၂၇၈၉၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၂၂၈/ခ)ရှိ (၂)ခန်းတွဲ၊ (၆)ထပ်တိုက်တွင်တည်ရှိသော ဒုတိယထပ်ဟုခေါ်တွင်သော(၁၅ x ၅၄)ပေ (လမ်းမှရပ်၍ တိုက်ဘက်မျက်နှာမူလျှင် ညာဘက်အခြမ်း)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော်လွင်[၁၂/သဃက(နိုင်)၁၃၉၈၁၃]နှင့် ဒေါ်နွယ်နီဦး[၁၂/ဥကတ(နိုင်)၁၂၈၁၈၂]ကိုင်ဆောင်သူတို့မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်ကျော် [၁၄/ဝခမ(နိုင်)၁၅၀၈၅၆] မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၂၄၁၆၃၀၉**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၇–လမ်း၊ အမှတ်(၅၁၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်၊ ၄–လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း($11\frac{1}{2}$'x၄၈') ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသူ (၁) ဒေါ်သင်းသင်းဆွေ[၁၂/လမန(နိုင်)၁၀၄၂၂၆]၊ (၂)ဒေါ်နန့်အေမီမြင့်[၁၂/လသယ(နိုင်)၀၃၇၀၀၄]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေများအနက်မှစရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်ကိုကိုဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၄၇၄)**
**တိုက်(၁)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၁၆၉၄၆၀၊ ၀၉–၇၉၁၅၁၈၅၁၆**

## အများသိစေရန်ကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၄ စီ (S–၈၉)၊ မြေကွက်အမှတ် – ၂၄၂၊ ၀. ၀၄၁ ဧက၊ မြေကွက်တည်နေရာအမှတ် (၂၂)၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်ခင်စီ (–) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် မိခင် ဒေါ်ခင်စီနှင့် ဖခင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးမောင်မောင်နိုင် [၁၂/တမန(နိုင်)၀၁၂၇၅၉]ထံမှ SP ရသူ ဒေါ်ဝါဝါစိုးမှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေဂရန် ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်(၆၀)ဂရန်မူရင်းမှာ မိမိလက်ဝယ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားကာ ပျောက်ဆုံးသွားကြောင်း၊ အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းပါကြောင်း၊ အမည်ပေါက်ဂရန်မူရင်းသည် အမှန်တကယ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း (၁၂ –၆ –၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်ပျောက်ဖြင့် ဂရန်သက်တမ်းတိုးလျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ဂရန်သက်တမ်းတိုးခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်–တမ–၁၈၁/၅၅ (၁–၇–၅၆) ရက်စွဲဖြင့် ထုတ်ပေးထားသည့် ဂရန်မူရင်းအား ရုံးမိန့်ထုတ်ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၈)လမ်း၊ ပေ(၄၀x ၆၀)တွင် ဆောက်လုပ်ထားသော အမှတ် (၁၀၃၀–က)၊ အလျား(၁၈)ပေxအနံ(၅၀)ပေရှိ နေအိမ်တိုက်ခန်း၏ တတိယထပ်၊ (၄)လွှာရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆက်မွန်အိ [၁၂/စခန(နိုင်)၀၆၀၉၄၀]ထံမှ ကျွန်ုပ် ကောင်းစုစန္ဒီဟန် [၁၃/လရန(နိုင်)၁၇၉၂၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကောင်းစုစန္ဒီဟန် [၁၃/လရန(နိုင်)၁၇၉၂၂၂]**
**ဖုန်း–၀၉–၄၀၃၇၃၆၉၇၀**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့်ဦး[၁၄/ခနဖ(နိုင်)၀၇၂၀၂၃]နှင့် ဒေါ်မြမြ[၁၄/ခနဖ(နိုင်)၁၀၂၅၇၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်–၉၁၉(က)တွင် နေထိုင်သော ဦးကျော်မြင့်ဦး[၁၄/ခနဖ(နိုင်)၀၇၂၀၂၃]နှင့် ဒေါ်မြမြ [၁၄/ခနဖ(နိုင်)၁၀၂၅၇၂]တို့၏သားဖြစ်သူ မောင်ခိုင်ဖြိုးသန့်[၁၄/ခနဖ(နိုင်)၂၁၈၀၉၆]သည် မိဘများ၏ဆိုဆုံးမမှုအား လိုက်နာခြင်းမရှိသည့်အပြင် ၎င်း၏သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားလေ့ရှိသလို ယခုအခါတွင်လည်း မိဘများမသိရှိဘဲ နေအိမ်မှဆင်းသွားသဖြင့် မိဘများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲမှုများခံစားနေရသည့်အပြင် ပတ်ဝန်းကျင်တွင်လည်း အရှက်ရ၊ ဂုဏ်သိက္ခာ ကျဆင်းနေသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ချိုဝင်းမာ**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၀၉)**
**အမှတ်(၆၈)၊ မကွေးလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၉၃၃၅၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ (ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်မှအပ)တွင် လျှောက်ထားနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း | ဦးရေ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု–စာရင်းစစ်မှူး (လစာနှုန်းကျပ် ၂၁၆၀၀၀– ၂၀၀၀–၂၂၆၀၀၀) | ၇၄ | –စာရင်းပညာနှင့်သက်ဆိုင်သော B.Com, B.Act, ဘွဲ့တစ်ခုခုရရှိထားသူ/အခြားဘွဲ့+ ဒီပလိုမာ စာရင်းကိုင်လက်မှတ် (DA) ရရှိပြီးသူ |
| | | ၁၅ | – ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)/ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech) |
| | | ၁ | – ဥပဒေဘွဲ့ (LL.B) |
| (ခ) | လက်ထောက်စာရင်းစစ်မှူး (လစာနှုန်းကျပ် ၁၉၈၀၀၀– ၂၀၀၀–၂၀၈၀၀၀) | ၁၃၇ | –စာရင်းပညာနှင့်သက်ဆိုင်သော B.Com, B.Act, B.B.A, B.B.Sc (A&F) ဘွဲ့တစ်ခုခုရရှိထားသူ – အခြားဘွဲ့ + ဒီပလိုမာ စာရင်းကိုင်လက်မှတ် (DA) ရရှိပြီးသူ |
| | | ၅ | – B.A(English) |

၂။ လက်ထောက်စာရင်းစစ်မှူးရာထူးနေရာအတွက် ယင်းရာထူးကို ကျော်ထောက်နောက်ခံထား၍ ဒု–လက်ထောက်စာရင်းစစ်မှူးရာထူး(လစာနှုန်းကျပ် ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀)တွင် အလုပ်သင်ကာလအဖြစ် (၆)လခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှုကျေနပ်မှုရှိပါက လက်ထောက်စာရင်းစစ်မှူးရာထူးနေရာတွင် ခန့်ထားမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူများသည် ၂၈–၂–၂၀၂၅ ရက်နေ့တွင် အသက်(၃၀) နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရပါမည်။ ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကို အပိုဒ်(၁) ဖော်ပြပါရုံးများ၌ ဖြေဆိုရမည်ဖြစ်ပါသဖြင့် လျှောက်လွှာများကို ဖြေဆိုလိုသည့် စာစစ်ဌာနရှိရာ ရုံးများသို့ ၁၁–၃–၂၀၂၅ ရက်နေ့(အင်္ဂါနေ့) အရောက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်(အမြန်ချောပို့) စနစ်ဖြင့် ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းမှ လက်ခံရရှိသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေ ဖြေဆိုရမည့် နေ့ရက်၊ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် စာဖြေဌာနများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံးများတွင် ကြော်ငြာပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ Website ဖြစ်သော www.oagmac.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်–၀၆၇–၄၀၇၂၈၈၊ ၀၆၇–၄၀၇၇၆၃၊ ၀၆၇–၄၀၇၃၃၄ နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ လျှောက်ထားသူများသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို အချိန်မီစေရန် ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

## အမည်ပြောင်း

(ဘ) ဦးဇော်ဇော်ဦး [၁၂/ဥကမ(နိုင်)၁၅၉၁၆၆]နှင့် ဒေါ်စိုးစိုးအေး [၈/မသန(နိုင်)၁၆၆၅၉၇]တို့၏သား အ.မ.က (၁၈)၊ Grade–2 တွင် ပညာသင်ကြားနေသော မောင်ဘုဏ်းမြတ်သူရိန်ဦးအား မောင်ကုဋ္ဌေဘုန်းသိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## "MA NAW MYAY" ကုန်အမှတ်တံဆိပ်ပါ Hair Treatment Oil နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အေးမြသာယာလမ်းသွယ်(၁၇) ဒေါ်မေသဇင်အောင်[၁/မညန(နိုင်)၁၈၃၀၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

အထက်အမည်ပါ **"MA NAW MYAY"** ကုန်အမှတ်တံဆိပ်ကို (၁၁–၁၁–၂၀၂၄) ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာအမှတ်(၄/၉၂၈၀) ဖြင့် မှတ်ပုံတင်ထားသည့် ကုန်အမှတ်တံဆိပ်အမည်ဖြင့် Hair Treatment Oil အား မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**"MA NAW MYAY"** မှ ထုတ်လုပ်ရောင်းချလျက်ရှိသော Hair Treatment Oil အား လက်လီလက်ကားဝယ်ယူ၍ ကိုယ်စားလှယ်များ၊ ဆိုင်များ၊ Agent များ၊ အရောင်းသမားများမှ ဈေးကွက်အတွင်းဆိုင်များ၌ဖြစ်စေ၊ Online မှဖြစ်စေ၊ ပြန်လည်ဖြန့်ချိရောင်းချရာ တရားဝင်သတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်း သဘောတူလက်ခံပြီးဖြစ်ပါသည်။

ထို့ကြောင့် **"MA NAW MYAY"** မှ သတ်မှတ်သည့် ဈေးနှုန်းများအတိုင်း ရောင်းချကြရန်နှင့် သတ်မှတ်ဈေးနှုန်းအောက်လျှော့ချပြီး ဈေးကွက်ပျက်စီးစေရန် ဖြန့်ချိရောင်းချမှုများ မပြုလုပ်ပါရန်နှင့် ပြုလုပ်မှုကို တွေ့မြင်ကြားသိပါက မည်သူ/မည်သည့်ဆိုင်ကိုမဆို မိမိတို့၏ ကုန်ပစ္စည်းအား ဆက်လက်ဖြန့်ဖြူးရောင်းချခွင့်မပြုတော့ကြောင်းနှင့် ဖောက်ဖျက်သူကျန်ရှိသော ရောင်းချသည့်ပစ္စည်းများအား ရောင်းချထားသည့်ဈေးနှုန်းဖြင့် ပြန်လည်သိမ်းယူမည်ဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကောင်းညာဏ်လင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၀၄၉)**
**အမှတ်(၁၁/၁၁၀)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇–၁–၂၀၂၅) ရက်စွဲပါ ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ အကွက်ကြီး(၁/န)တိုးချဲ့၊ (၁၂)လမ်း၊ အကွက်ငယ်အမှတ်(၈၅၇)အမည်ပေါက် ဦးမြဝင်း (HGU–၀၁၅၅၆၈) နှင့် ဦးတင်သဏ်းဝင်း [၁၂/လမန(နိုင်)၀၃၈၈၀၅] တို့ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ် အပြီးအပိုင်ကတိစာချုပ် အဆင့်ဆင့်ပြုလုပ်သည့် ခုနှစ်သက္ကရာဇ် မှားယွင်းဖော်ပြမိပါသဖြင့် ၂၀၂၄ ခုနှစ်အစား ၂၀၁၂ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးတင်သဏ်းဝင်း[၁၂/လမန(နိုင်)၀၃၈၈၀၅]**
**ဖုန်း–၀၉–၇၇၆၉၄၁၉၆၆**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၄) ရွှေပေါက်ကံ၊ မြေကွက်အမှတ် – ၂၉၂ ဟုခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ (၄၀x၆၀) ပေ (၀.၀၅၅)ဧက၊ စတုရန်းပေ (၂၄၀၀) ရှိ မြေကွက်သည် **အရာခံဗိုလ် မြသာ [၁၂/မဂဒ(နိုင်)၀၉၂၆၃၄]** အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပြီး ထိုဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ (ရေ+မီးအပါအဝင်) အိမ်ခြံမြေ နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးမျိုးသန့် [၁၂/ကမတ(နိုင်)၀၀၅၄၈၉] သည် (လူပျိုကြီးဘဝဖြင့် ကွယ်လွန်)၍ ကျန်ရစ်သူများဖြစ်သော ဒေါ်နွဲ့နွဲ့ရီ [၁/မကန(နိုင်)၀၅၁၅၅၅]၊ ဦးသန်းဦး [၁၂/သဃက(နိုင်)၁၂၉၇၂၄]၊ ဒေါ်ကြူကြူမွေး [၁၂/ရကန(နိုင်)၀၁၆၁၀၄]၊ ဦးလှထွန်း [၁၂/မဂဒ(နိုင်)၁၂၅၃၀၅]တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးအောင်မြင့်ဦး [၇/ဒဥန(နိုင်)၀၃၀၉၀၄]နှင့် ဒေါ်ရွှန်းလဲ့ရည် [၁၂/မဂဒ(နိုင်)၁၂၉၆၃၁]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၂၄–၂–၂၀၂၅)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဦးနှင့် ဒေါ်ရွှန်းလဲ့ရည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၀၆၉)**
**အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၂၆၁၁၀၁၁၃၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၊ လူနေရပ်ကွက်အမှတ်–၈၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်–၄၉၄၊ အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်ခင်မြင့်ကြည် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ (၂၅–၇–၂၀၂၄)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဦးအောင်ကျော်ဆန်း[၁၂/ရပသ(နိုင်)၀၅၈၅၆၅]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်ဝင်းလဲ့ကြည်နှင့်ဒေါ်ထက်လှလှမြင့်တို့မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ၁။ ဒေါ်ဝင်းလဲ့ကြည် [၉/မကန(နိုင်)၁၄၁၄၅၆] | ဒေါ်ခင်မာလွင်(LL.B, D.B.L) |
| ၂။ ဒေါ်ထက်လှလှမြင့် [၉/မကန(နိုင်)၁၈၆၂၇၇] | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂) |
| အမှတ်–၂၃၊ တော်ဝင်လမ်းသွယ်–၄၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ | အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၅၁၈၉၆၈၉ |

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကွင်းအမှတ်–၅၄၀(က)၊ ဦးပိုင်အမှတ်– ၁၈ ၏ အစိတ်အပိုင်း၊ လူနေရပ်ကွက်အမှတ်–၂၄/ဇီးကုန်း၊ အမှတ်(၄)လမ်းမကြီး၊ အိမ်အမှတ်–၂၅၊ အကျယ်ပေ (၅၄x၉၀)ရှိ ဦးအောင်မျိုးအေးပိုင် ရွာမြေအမျိုးအစား မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရေ၊ မီးစုံပါ အဆောက်အဦတို့၏ ပိုင်ဆိုင်မှုအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား မူလပိုင်ရှင်များဖြစ်သော ဦးစောငွေနှင့် ဒေါ်မြရီတို့ထံမှ (၁၆–၁၁–၂၀၁၁)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ အဆောက်အဦဆောက်လုပ်ပြီး လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးအောင်မျိုးအေး[၁၄/ရကန(နိုင်)၀၁၃၉၈၂]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်လွင်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေနှင့် အဆောက်အဦ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်ခင်ခင်လွင် | ဒေါ်ခင်မာလွင်(LL.B., D.B.L) |
| [၁၂/တမန(နိုင်)၁၃၂၆၅၁] | တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂) |
| အမှတ်–၁၁/၁၂၊ အမှတ်(၄)လမ်း၊ | အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ |
| ဇီးကုန်းရပ်ကွက်၊ | (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ |
| ရွှေပြည်သာမြို့နယ်။ | ဖုန်း–၀၉–၅၁၈၉၆၈၉ |

## အမည်မှန်

ဖခင် ဦးတင့်ဝေဦး [၈/ရနခ(နိုင်)၀၂၅၆၉၇] ၏ သား မောင်မျိုးသော်ကောင်း၏ အမည်မှန်မှာ မောင်ဝီရမင်းသွေး [၁၂/မဂဒ(နိုင်)၁၉၁၆၆၇] ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇–၁–၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အကွက်ကြီး(ရ)တိုးချဲ့၊ (၃)လမ်း၊ အကွက်ငယ်အမှတ်(၁၂၈)အမည်ပေါက် ဦးသောင်းရွှေ (PDG–၀၅၆၇၆၅)နှင့် ဦးတင်သဏ်းဝင်း [၁၂/လမန(နိုင်)၀၃၈၈၀၅]တို့ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်အပြီးအပိုင်ကတိစာချုပ် အဆင့်ဆင့် ပြုလုပ်သည့် ခုနှစ်သက္ကရာဇ်မှားယွင်းဖော်ပြမိပါသဖြင့် ၂၀၂၄ ခုနှစ်အစား ၂၀၁၂ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဦးတင်သဏ်းဝင်း [၁၂/လမန(နိုင်)၀၃၈၈၀၅]**
**ဖုန်း–၀၉–၇၇၆၉၄၁၉၆၆**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ - ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်- ၈၇၃ ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့ ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၈ ၊ မြေကွက်အမှတ် - ၈၇၃ ၊ ဧရိယာ ( ၀.၀၅၆) ဧက ၊ မြေအမျိုးအစား - နှစ်(၆၀) မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးလှအုန်း (၁၂/ရကန(နိုင်)၀၅၀၂၂၈)နှင့်ဒေါ်အေးသိန်း(၁၂/ရကန(နိုင်)၀၅၁၁၀၉)တို့အမည်ပေါက်လျက်ရှိပြီး၊ အမည်ပေါက်ပိုင်ရှင်မိဘများ ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရရှိသူ တစ်ဦးတည်းသောသား ဦးဝင်းနိုင် (၁၂/ရကန(နိုင်)၀၄၉၂၃၇) မှမိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသောရောင်းဖိုးငွေအနက် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင် ခွင့်ရှိသူမည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဒေါ်ကေသီဖြိုးကျော်(LL.B, D.B.L,D.M.L)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆ ၉၅၉ ၆၆

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၅ - ရပ်ကွက်၊ ဂရုဏာ(၁)လမ်း၊ အမှတ်- ၅၉ ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၅ ၊ မြေကွက်အမှတ် - ၅၉ ၊ အကျယ် (၄၀' x ၆၀' ) ပေ အနက်တရားဝင်မခွဲစိတ်ရသေးသောမြေ၏ ( ခေါင်းရင်းခြမ်း )(၂၀' x ၆၀')ပေ(ပါမစ်မူရင်းခြမ်း)၊ မြေအမျိုးအစား - ပါမစ်မြေ နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်မြင့်မြင့်လှိုင် (DDE-၀၀၂၄၆၃) အမည်ဖြင့်ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ သူများဖြစ်သည့် ဒေါ်မွေးမွေး (၅/ကလထ(နိုင်) ၁၅၀၆၀၀) နှင့် ဦးဆန်ထာဖွာလ် (၄/ဖလန (နိုင်) ၀၄၀၉၁၄)တို့မှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသောရောင်းဖိုး ငွေအနက် စရံငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသောစာရွက် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးကျော်မင်းဦး (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဉ်-၅၀၆၆၉) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆ ၉၅၉ ၆၆

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆- ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ်- ၅၁၅/၁၃၅၄ ဟု ခေါ်တွင်သောမြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၆ ၊ မြေကွက်အမှတ်- ၁၃၅၄ ၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်၊ မြေနှင့်ယင်းမြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ညိုညိုဝင်း (၁၀/မလမ(နိုင်)၀၀၁၇၉၄)မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆ ၉၅၉ ၆၆

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀- ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်- ၅၀၀ ဟု ခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၄၀ ၊ မြေကွက်အမှတ်- ၅၀၀ ၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်၊မြေနှင့်ယင်း မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏အမည်ပေါက်ပိုင်ရှင်ဒေါ်နှင်းရီ(PME - ၁၀၈၁၅၁)(၁၂/ပဇတ(နိုင်)၀၀၃၇၁၈) ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူဒေါ်သန္တာဆွေ (၁၂/စခန(နိုင်) ၀၀၂၃၃၂) မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးသန်းဦး (LL.B,D.B.L)** | **ဦးဟန်လင်းအောင် (LL.B)** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၆၆၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆ ၉၅၉ ၆၆

## “(၂-၂-၂၀၂၅) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်ထုတ်သတင်းစာ၊ စာမျက်နှာ (၂၃) တွင် ဖော်ပြပါ ဦးသာရ (ခ) ဦးသန်းဇော် (၁၂/စခန (နိုင်) ၀၆၂၈၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သန္တာခိုင် LL.B, D.L.P WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၉၅) ၏ ကြေညာချက်အပေါ် ဒေါ်ခင်လေးလေး (၁၂/ကမရ (နိုင်) ၀၅၀၆ရ၄) ဘက်မှ အတိအလင်း ပြန်လည်တုံ့ပြန် ရှင်းလင်းကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ် (၃၁/က) တွင် တရားဝင်အိမ်ထောင်စုလူဦးရေစာရင်းဖြင့်နေထိုင်သူ ဒေါ်ခင်လေးလေး (၁၂/ကမရ (နိုင်) ၀၅၀၆ရ၄) ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အတိအလင်းပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာမှုပြုအပ်သည်မှာ –

၁။ ကျွန်ုပ်တို့အား တရားဝင်လွှဲအပ်ညွှန်ကြားချက်ပေးသူ ဒေါ်ခင်လေးလေး ၏ (၃၁-၁၂-၂၀၂၄) ရက်နေ့ထုတ်ကြေးမုံနေ့စဉ်ထုတ်သတင်းစာကြေညာချက်တွင်–
- ဦးစန်းယု (ကွယ်လွန်သူ) နှင့် ဒေါ်ကျင်သန်း (ကွယ်လွန်သူ) တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သည့် တရားဝင်လင်မယားများဖြစ်ကြောင်း၊
- ဦးစန်းယု (ကွယ်လွန်သူ) နှင့် ဒေါ်ကျင်သန်း (ကွယ်လွန်သူ) တို့၏ တရားဝင်ပေါင်းသင်းနေထိုင်ခဲ့သည့် အိမ်ထောင်သက်တမ်းတစ်လျှောက်မှ ကွယ်လွန်အနိစ္စ ရောက်ခဲ့ကြသည့်အချိန်ကာလအထိ “နှစ်ပါးစုံသားရင်းသမီးရင်းတစ်ဦးတစ်ယောက်မျှမွေးဖွားထွန်းကားခဲ့ခြင်းမရှိကြောင်း၊
- ဦးတင်ဝင်း နှင့် ဦးနိုင်ဝင်း တို့သည် ဦးစန်းယု (ကွယ်လွန်သူ) နှင့် ဒေါ်ကျင်သန်း (ကွယ်လွန်သူ) တို့၏ “နှစ်ပါးစုံသားရင်း” များမဟုတ်ကြောင်း၊
- ထို့အတူ ကိတ္တိမသားသမီးများ အဖြစ်လည်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် မွေးစားထားသူများမဟုတ်ကြောင်း၊
- ဦးတင်ဝင်း နှင့် ဦးနိုင်ဝင်း တို့တွင် မိရင်း၊ ဖရင်း အရင်းအခြာမိဘများရှိနေခဲ့ပါလျှက် ၎င်းတို့ကိုင်ဆောင်အသုံးပြုသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်လည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတွင်လည်းကောင်း၊ အဖအမည်နေရာတွင် ဖခင် ဦးစန်းယု၊ အမိနေရာတွင် ဒေါ်ကျင်သန်း တို့ အမည်များကို အံစိုးရရုံးကိစ္စများ၊ တရားရုံးကျမ်းကျိန်မှုများတွင်လည်း အသုံးပြုဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ (ကွယ်လွန်သူ) ဦးစန်းယု နှင့် (ကွယ်လွန်သူ) ဒေါ်ကျင်သန်း တို့ တရားဝင်ပေါင်းသင်းနေထိုင်သည့်အချိန်မှစ၍ အသီးသီးကွယ်လွန်အနိစ္စရောက်ရှိသည့်အချိန်အထိ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တိုက်ရိုက်အမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှကျန်ရှိခဲ့ခြင်းမရှိ၍ (ကွယ်လွန်သူ) ဦးစန်းယု၊ (ကွယ်လွန်သူ) ဒေါ်ကျင်သန်း တို့ကျန်ရစ်ခဲ့သည့် (၁) မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ (၂) ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ ရပိုင်ခွင့်၊ ဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဟုယူဆနေသူများဖြစ်သည့် ဦးတင်ဝင်း၊ ဦးနိုင်ဝင်း တို့အနေဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ပါကြောင်းနှင့် ဥပဒေနှင့်မညီ ဆောင်ရွက်လာမှုများအပေါ် ဥပဒေနှင့်အညီ မလွှဲမရှောင်သာပြန်လည်ခုခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ၍ အလေးအနက်သတိပေးတားမြစ်အပ်ပါသည်။ – – – ဟုသာ ဖော်ပြကြေညာမှုပြုထားခြင်းဖြစ်ပါသည်။

၃။ သို့အတွက်ကြောင့် “(၂-၂-၂၀၂၅) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်ထုတ်သတင်းစာ၊ စာမျက်နှာ (၂၃) တွင် ဖော်ပြပါ ဦးသာရ (ခ) ဦးသန်းဇော် (၁၂/စခန (နိုင်) ၀၆၂၈၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သန္တာခိုင် LL.B, D.L.P WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၉၅) ၏ ကြေညာချက်အပေါ် ဒေါ်ခင်လေးလေး (၁၂/ကမရ (နိုင်) ၀၅၀၆ရ၄) ဘက်မှ အတိအလင်း ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာချက်” ပြုသည်မှာ – ဒေါ်သန္တာခိုင် LL.B, D.L.P WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၉၅) အား လွှဲအပ်ညွှန်ကြားချက်ပေးသူ ဦးသာရ (ခ) ဦးသန်းဇော် သည် ကွယ်လွန်သူ ဦးစန်းယု နှင့် ကွယ်လွန်သူ ဒေါ်ကျင်သန်း တို့၏ အိမ်ထောင်စုလူဦးရေစာရင်းတွင် ဖော်ပြချက်ဖြင့် “မြေး” တစ်ဦးဖြစ်သည်ဟု သုံးနှုန်း၍ ဒေါ်ကျင်သန်း ကျန်ရှိသော အမွေပုံပစ္စည်းအပေါ် အကျိုးကျသက်ဆိုင်အမွေဆိုင်တစ်ဦးဖြစ်သည်ဟု အမွေခံတို့၏အစီအရင်ဖော်ပြကြေညာမှုပြုလာ၍ ဦးသာရ (ခ) ဦးသန်းဇော် အနေဖြင့် အမွေဆိုင်တစ်ဦးဟု အခိုင်အမာယုံကြည်ယူဆမိပါက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်းနှင့် ဒေါ်ခင်လေးလေး ဘက်မှလည်း ဥပဒေနှင့်အညီ မလွှဲမရှောင်သာ တုံ့ပြန်ရှင်းလင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတိအလင်းတုံ့ပြန်ရှင်းလင်းကြေညာမှုပြုအပ်ပါသည်။

ညွှန်ကြားချက်အရ –

| ဦးချစ်ကိုကို | ဒေါ်ခင်ဆွေထွန်း | ဦးရာဇာဝင်း | ဦးတင်ထွန်းနိုင် |
|---|---|---|---|
| (စဉ်–၂၈၀၃/၁၉၈၄) | (စဉ် – ၅၉၁၉/၂၀၁၁) | (စဉ်–၁၄၃၁၇/၂၀၁၈) | (စဉ်–၅၆၁၂၈/၂၀၂၃) |
| တရားလွှတ်တော်ရှေ့နေနှင့်နိုတ်ာရီပဗ္ဗလစ် | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ၀၉–၅၅၈၂၃၀၂၀ | ၀၉–၄၃၁၂၀၁၉၈ | ၀၉–၄၂၀၀၂၉၄၁၄ | ၀၉–၅၉၆၅၃၁၅၂၈ |

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက် အမှတ်(၁၈၈၀)၊ အကျယ်အဝန်း(အလျား ၄၀ ပေxအနံ ၆၀ပေ) ရှိဦးခင်မောင်သွင်(MTA–၀၅၅၅၀၈)အမည်ပေါက် အိုးအိမ်ပါမစ်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၈၈၁)၊ အကျယ်အဝန်း (အလျား ၄၀ ပေ xအနံ ၆၀ပေ) ရှိဦးရွှေအုံး[၁၂/မရက(နိုင်)၀၉၇၉၄၁] အမည်ပေါက် အိုးအိမ်ပါမစ်မြေကွက်(၂)ကွက်အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်များထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသူ ဦးဝင်းချစ် (ဘ)ဦးရွှေဟော် [၅/ခတန(နိုင်)၀၀၃၁၉၄]ထံမှ** အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက (၉–၂–၂၀၂၅)ရက်နေ့က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ကန့်ကွက်လိုပါက သတင်းစာ၌ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၀၉၅)**
**တိုက်(A–2)၊ အခန်း(၁၀၃)၊ ဗိုလ်ဗထူးအိမ်ရာ(၁)၊ (၄၈/U–10)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၀၀၅၈၆၇၊ ၀၉–၂၅၀၀၀၉၃၉၄**

## “မြေနှင့်အဆောက်အဦ” ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် **“ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ သုနန္ဒာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–(ဋ/တိုးချဲ့)၊ မြေကွက်အမှတ်–(၄၈)၊ အိမ်အမှတ်(၄၈) ဟုခေါ်တွင်သော အကျယ်(၈၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး”**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးအောင်ခန့်ဖြိုးထွန်း [၁၂/ဥကမ(နိုင်)၂၅၉၇၄၆]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| ဒေါ်မေသဥ္ဇာသိန်း (LL.B) | ဒေါ်ပွင့်သူဇာ(LL.B) |
|---|---|
| (စဉ် – ၁၄၅၉၈) | (စဉ်–၁၄၅၉၂) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အိမ်အမှတ်(၃/ခ)နေ မောင်လွင်ဦး [၁၂/သဃက(နိုင်)၁၈၇၁၀၇]သည် မိဘတို့၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိသားစုတို့၏ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆောင်ရွက်ခြင်းများကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်–ဒေါ်သီသီဟန် [၁၂/သဃက(နိုင်)၀၇၄၁၀၈]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/သုဝဏ္ဏ)၊ မြေကွက်အမှတ်(၁/A–11)အား Asia Express (Yangon)Co.,Ltd အမည်ဖြင့် မြေငှားစာချုပ်(ဂရန်)ထုတ်ယူခွင့်ပြုပါရန် Asia Express (Yangon)Co.,Ltd မှ လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၄၈)၊ (မြေညီထပ်–ထပ်ခိုးပါ)၊(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၄ပေ x ၄၈ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁၅–၇–၂၀၁၀)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် အပြီးသတ်ငွေချေကတိစာချုပ်အရ ယခုရောင်းချသူများဖြစ်သော (၁) ဒေါ်ခင်မျိုးမြင့်[၁၂/ဗဟန(နိုင်)၀၃၅၈၅၇]နှင့် (၂) ဦးမောင်မောင်မျိုးအောင်[၁၂/လမတ(နိုင်)၀၀၀၄၃၀]တို့မှ တရားဝင်ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်မင်းနိုင် (LL.B, C.B.L, WIPO DL–101(GENEVA))**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၂၇)**
**အမှတ် (၁၉၉)၊ မြေညီထပ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၀၀၃၂၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၈၂၊ ပန်းဝါလမ်း၊ မြေကွက်အမှတ်(၅၂၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ** မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် **ဦးအောင်သန်း (CG–၀၇၂၆၉၈)** အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်ဖြစ်ပြီး အမည်ပေါက်သူထံမှ ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ အရှုပ်အရှင်းမရှိ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း **ဒေါ်ခင်ထွေး [၁၀/ကမရ(နိုင်)၀၁၆၈၅၇]**က ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၆၅)**
**အမှတ်–၃၈၈၊ အေးမြသာယာလမ်း၊ ၃၂–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၂၁၈၀၀၁၃၊ ၀၉–၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်– သကမ–၁၇၊ (၂၀)ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်–(၁၅၆၉/က)ဟုခေါ်တွင်သော ဒေါ်ကြည်ကြည်ငွေအမည်ပေါက်(ပါမစ်မြေ)၏ မြေအကျယ်(၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်နိုင်ဦး[၁၄/ဘကလ(နိုင်)၀၀၃၄၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်ဌေး [၉/နထက(နိုင်)၀၃၃၃၇၀]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြဝင်း (LL.B, DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၄)**
**အမှတ်(၁၀၄)၊ မာလာမြိုင်(၄)လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၄၂၀၀၂၅၆၈၀၊ ၀၉–၉၇၇၄၂၀၆၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းအမှတ်– သကမ–၁၇၊ (၂၀)ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၁၅၂၆/က)ဟုခေါ်တွင်သော ဦးတင်လှိုင်အမည်ပေါက်(ပါမစ်မြေ)၏ မြေအကျယ် (၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်နိုင်[၁၁/မပန(နိုင်)၁၀၇၉၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောနန္ဒာလှိုင်[၉/နထက(နိုင်)၁၅၉၇၃၇]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမြဝင်း (LL.B, DIL) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၆၄)**
**အမှတ်(၁၀၄)၊ မာလာမြိုင်(၄)လမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း–၀၉–၄၂၀၀၂၅၆၈၀၊ ၀၉–၉၇၇၄၂၀၆၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ ရှီးမရိပ်သာလမ်း၊ အောင်မြင့်မိုရ်အိမ်ရာဝင်းအတွင်းရှိ(စ)ခန်းတွဲ(၄)ထပ်တိုက်အဆောက်အဦမှ၊ တိုက်အမှတ်(၇)၊ အခန်းအမှတ်(၁၀၅)၊ ပထမထပ်၊ အကျယ်အဝန်း(၅၂၂)၊ စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျော်ကျော်ဟန်(၁၂/တမန(နိုင်)၀၈၆၂၄၂)အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်ရရှိထားပြီး အမည်ပေါက်ထံမှ ဦးပြည့်ဖြိုးလွင်(၁၄/ပသန(နိုင်)၁၇၂၃၈၆)သည် “နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်” များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ –

| **ဒေါ်စုမြတ်မောင်** (LL.B) | **ဒေါ်ကေကေနိုင်** (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

**ဦးတိုးဝေနိုင်** (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)
**အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၁၀၇)၊ ဟုခေါ်တွင်သော အမှတ်(၈၀)၊ ဗိုလ်ပထူးလမ်းနှင့်ဗိုလ်ပထူး(၆)လမ်းထောင့်၊ (၂)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော မြေအကျယ်အဝန်း (၄၅ပေ × ၆၀ပေ)၊ ဧရိယာ(၀.၀၆၂)ဧက၊ (၂၇၀၀) စတုရန်းပေ၊ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆိုင်ခန်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးတင်ငွေ(KYN-၀၀၆၃၀၉)(၁၂/လသယ(နိုင်)၀၁၆၆၁၀)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဦးတင်ငွေ မှာကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့်ရှိသူ ဇနီး ဒေါ်တင်ဝင်း(MHA-၀၁၆၅၃၀)(၁၂/လသယ(နိုင်) ၀၁၆၆၁၁)နှင့်သမီးများဖြစ်ကြသော ဒေါ်ခင်အုန်းမြင့် (၁၂/တမန(နိုင်)၀၁၁၄၆၃)၊ ဒေါ်ခင်မာဝင်း (၁၂/လသယ(နိုင်)၀၁၆၆၁၂)၊ ဒေါ်မြမြအေး (၁၂/လသယ(နိုင်)၀၀၂၉၈၅)၊ ဒေါ်စိန်စိန်(HTYA-၀၅၀၂၄၄)၊ ဒေါ်နုနုတင်(၁၂/လသယ(နိုင်)၁၂၃၇၃၃) တို့မှအမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး မိမိတို့သာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| **ဒေါ်စုမြတ်မောင် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄) | အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄) |

**ဦးတိုးဝေနိုင် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)
အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊ ၀၉-၇၆၉၈၂၃၄၁၇၊

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...**

❖ **စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...**

❖ **တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...**

❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...**

❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

**ယနေ့ ဖတ်စရာ**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟ ဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅



**ဘားအံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကျင်းပ**

စာမျက်နှာ » ၁၉

---

## MNL ပြိုင်ပွဲတွင် ပင်နယ်တီဂိုးဖြင့် မဟာယူနိုက်တက်အသင်း အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မဟာယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မဟာယူနိုက်တက် အသင်းသည် ဒုတိယပိုင်းတွင်ရရှိသည့် ပင်နယ်တီဂိုးဖြင့် နိုင်ပွဲရယူပြီး ထိပ်ဆုံး ငါးသင်းစာရင်းဝင်ရန် အခြေအနေ ကောင်းသွားသည်။ ထိပ်ဆုံး သုံးသင်းစာရင်းဝင်ရန် ကြိုးပမ်းနေသည့် ဒဂုံစတားအသင်းသည် ဒုတိယနေရာမှ


စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍



ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

---

## စပါးအသင်းကို အနိုင်ရပြီး အက်စ်တွန်ဗီလာအသင်း အက်ဖ်အေဖလားပြိုင်ပွဲ နောက်တစ်ဆင့်တက်လှမ်း



အက်စ်တွန်ဗီလာအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အက်စ်တွန်ဗီလာ အသင်းနဲ့ စပါးအသင်းတို့ ဖေဖော်ဝါရီ ၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းက စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အက်စ်တွန်ဗီလာ အသင်းနဲ့ စပါးအသင်းတို့ရဲ့ ပွဲစဉ်မှာ အက်စ်တွန်ဗီလာ အသင်းက ပထမပိုင်းပွဲကစားချိန် တစ်မိနစ်မှာ ဂျာကော့ရမ်ဆေးရဲ့သွင်းဂိုး၊ ၆၄ မိနစ်မှာ မော်ဂန်ရော့ဂျာရဲ့ သွင်းဂိုးတို့ရရှိခဲ့ပြီး စပါးအသင်းအတွက် ချေပဂိုး တစ်ဂိုးကိုတော့

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❂

---

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV NRC နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❖

---

**၁၀ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာ နှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ်** ၅၄၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ